စိတ်ကူးချိုချိုအနုပညာ

ဒေါက်တာသန်းထွန်း

# လူကြီးမရှင်းသာတဲ့ လူငယ့်ပြဿနာ

၂၀၀၂ တစု



mgy



# လူကြီးမရှင်းသာတဲ့ လူငယ့် ပြဿနာ

၂၀၀၂ တစု

## ဒေါက်တာသန်းထွန်း

DTH0005

2,500.00 KS

လူကြီးမရှင်းသာတဲ့ လူငယ်ပြဿနာ(၂၀၀၂ စာစု)
ဒေါက်တာသန်းထွန်း

ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၇၇၃ ၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၇၇၇ ၀၆၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံး ဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစာစီ | - | ကေဇော် |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုမြင့်၊ ညီဝင်းမြင့် |

၈၀၈·၈၄
သန်းထွန်း၊ ဒေါက်တာ
လူကြီးမရှင်းသာတဲ့လူငယ်ပြဿနာ-၂၀၀၂ စာစု /
ဒေါက်တာသန်းထွန်း။ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၂၀၄ မျက်နှာ၊
၁၄ ·၅ စင်တီ× ၂၂ စင်တီ
(၁) လူကြီးမရှင်းသာတဲ့လူငယ်ပြဿနာ-၂၀၀၂ စာစု

၂၀၁၁၊ ဩဂုတ်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်


mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ❖ | အမှာစာ | ၁ |
| ❖ | သန်းထွန်းအကြောင်း အရိပ်အမြွက် | ၃ |
| ၁။ | အဝကို ပြန်လည်ထူထောင်ခြင်း (၁) | ၅ |
| ၂။ | အဝကို ပြန်လည်ထူထောင်ခြင်း (၂) | ၁၂ |
| ၃။ | သူ့သာသလို အများသူငါလည်း သာတယ် (၁) | ၂၆ |
| ၄။ | သူ့သာသလို အများသူငါလည်း သာတယ် (၂) | ၃၄ |
| ၅။ | သူ့သာသလို အများသူငါလည်း သာတယ် (၃) | ၄၀ |
| ၆။ | သူ့သာသလို အများသူငါလည်း သာတယ် (၄) | ၄၇ |
| ၇။ | သူ့သာသလို အများသူငါလည်း သာတယ် (၅) | ၅၅ |
| ၈။ | အနောက်ဘက်လွန်မင်း (၁၆၀၇-၂၈)နဲ့ သာလွန်မင်း (၁၆၂၈-၄၈) | ၅၉ |
| ၉။ | ကျူးကျော်စစ်နဲ့ ဒုဗ္ဘိက္ခန္တရကာစ (၁၆၄၈-၆၁) | ၆၉ |
| ၁၀။ | အောက်သို့ရောက်မှ ငြင်းခုံကြပါလေ | ၇၃ |
| ၁၁။ | ၁၇ ရာစုနှစ် အဝမင်းတို့ တိုင်းနိုင်ငံအုပ်ချုပ်ပုံ | ၇၇ |
| ၁၂။ | သာသနာပြုဆရာ သေရာ | ၈၇ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၃။ | ရန်ကုန်တက္ကသိုလ်မှာ အင်္ဂလိပ်ဘာသာ သင်ကြားပုံ | ၈၇ |
| ၁၄။ | ဓမ္မစေတီဝတ္ထုစစ်တမ်း | ၉၉ |
| ၁၅။ | နေရှင်နယ်ကျောင်း အင်္ဂလိပ်စာ | ၁၃၄ |
| ၁၆။ | ဂျီအီးဟာဗေးနှင့် ဒေါက်တာထင်အောင်စာဝေဖန်ချက် | ၁၄၀ |
| ၁၇။ | မြန်မာဇာတ်သဘင်စာအုပ် ဝေဖန်ချက် | ၁၄၇ |
| ၁၈။ | လူကြီးမရှင်းသာတဲ့ လူငယ့်ပြဿနာ | ၁၅၂ |
| ၁၉။ | ဇမ္ဗူဒိပ်မြေပုံ | ၁၅၇ |
| ၂၀။ | မြန်မာနန်းတွင်းဆံထိုးနဲ့ အဆင်တန်ဆာ | ၁၆၂ |
| ၂၁။ | နန်းမူနန်းရာ အဆင်တန်ဆာ | ၁၆၅ |
| ၂၂။ | မြန်မာနိုင်ငံနှင့် ဆေးပညာ | ၁၇၁ |
| ၂၃။ | ဘုရားလမ်းမ (ရခိုင်ရိုးမကျော်) | ၁၈၇ |
| ၂၄။ | သုဇာတာ နို့ဆွမ်းစေတီကျောက်စာ | ၁၉၅ |
| ၂၅။ | ကိုးသောင်း ရှေးဟောင်းသုတေသနတူးဖော်ရေး | ၁၉၈ |


mgyoe.com

mgyoe.com

# အမှာစာ

သမိုင်းသုတေသနပညာရှင်ကြီး ဒေါက်တာသန်းထွန်း (၁၉၂၃–၂၀၀၅)ရဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရေးသားခဲ့တဲ့ စာတမ်းတွေ၊ ဆောင်းပါးတွေကို စုစည်းစီစဉ် ထုတ်ဝေဖို့ သင့်တယ်လို့ ယူဆတဲ့အလျောက် သူ့ရဲ့စာမူတွေကို နှစ်အလိုက် စာစုစာရင်းတွေကတစ်ဆင့် စုံလင်နိုင်သမျှ စုံလင်အောင် စုဆောင်းခဲ့ပါတယ်။ အတော်များများရရှိပြီး တချို့လည်း ဆက်ပြီးရှာဖွေဖို့ ကျန်နေသေးတာပေါ့။

စပြီးထုတ်တော့မယ်လို့ စီစဉ်တဲ့အခါကျမှ စာမူအားလုံး ကောက်သင်းမကောက်နိုင်သေးတဲ့ ကျွန်တော်တို့ရဲ့အားနည်းချက်ကြောင့် အကြောင်းအရာတူတွေ စုထုတ်ဖို့ မဖြစ်နိုင်သေးတာ သွားတွေ့ရပါတယ်။ မမှီတဲ့ပန်း လှမ်းချင်တယ်ပဲဆိုဆို စီစဉ်သူများရဲ့ စိတ်သဘောထားက အားလုံးပြည့်စုံမှ လုပ်ကြဖို့ဆိုရင် မလုပ်ဖြစ်ကြတာ၊ စိတ်ကူးတွေ လေထဲလွင့်သွားတာ ဖြစ်တတ်လွန်းတော့ ဒီအဆင့်မှာပဲ ဒီအလုပ်ကို နိုင်သရွေ့က စလိုက်ချင်ကြပြီ။

ဒါကြောင့် အဆင်ပြေနိုင်ဆုံးကိုစဉ်းစားတော့ နှစ်အလိုက် စာစုစာရင်းတွေကို အခြေခံပြီး နှစ်အလိုက် စာစုတွေပဲ ထုတ်လိုက်ရင် ပထမအဆင့်ဖြစ်နိုင်မယ်လို့ တွေးပါတယ်။ လုံးချင်းဖြစ်ပြီးသွားတာတွေတော့ ချန်ခဲ့ရတာပေါ့။ ပြီးတော့ လက်လှမ်းမမီ၊ ရှာမတွေ့သေးတာဆိုလည်း နောက်အတွဲတွေမှာ ဖြည့်စွက်ချက်ဆိုပြီး ထပ်ထည့်ဖို့ လျာထားတယ်။ ပရုဖ်တွေအကြိမ်ကြိမ်ဖတ်ပေမယ့် မှားယွင်းသွားတာတွေလည်း ပြင်ဆင်ချက်ဆိုပြီး ထည့်ရမှာပါပဲ။

ဆရာကြီးရဲ့ သုတေသနလုပ်ငန်းတွေမှာ ပါဝင်ခဲ့သူတွေ လက်တွဲ

mgyoe.com

mgyoe.com


ကူညီခဲ့သူတွေ၊ ဆရာကြီးရှိစဉ် ပညာအရိပ်ခိုခဲ့ရသူတွေ၊ ဆရာကြီးအကြောင်း ကျွန်တော်တို့ထက်ပိုပြီး လေးလေးနက်နက် ချဉ်းကပ်ဖြစ်သူတွေရဲ့ အကြံဉာဏ်တွေ၊ ဖြည့်စွက်ချက်တွေ၊ ကျွန်တော်တို့ကို ကူညီပံ့ပိုးရှာဖွေပေးမယ့် စာမူလက်ကျန်တွေကိုတော့ လေးလေးစားစား မွတ်မွတ်သိပ်သိပ် မျှော်လင့်ကိုးစားလျှက် ရှိပါတယ်။ နောက်ဆက်ထွက်မယ့်နှစ်အလိုက် စာစုတွေထဲမှာ ဝိုင်းပြီး ပြင်ကြဖြည့်ကြ လုပ်ပေးကြမယ်လို့လည်း ယုံကြည်ပါတယ်။ အစုအစောဆုံး အဆင်ပြေပြေထွက်လာနိုင်တာကတော့ ဒီ ၂၀၀၁ စာစုပါ။

သုတေသနလုပ်ငန်းများ ထွန်းကားပါစေ။

သမိုင်းအချက်အလက်များ မှန်ကန်အောင် တည်ဆောက်နိုင်ပါစေ။

စိတ်ကူးချိုချို

❒

mgyoe.com



# သန်းထွန်းအကြောင်းအရိပ်အမြွက်

၆ ဧပြီ၊ ၁၉၂၃ မှာ မွေးတဲ့ သန်းထွန်းက ရန်ကုန်တက္ကသိုလ်ကပေးတဲ့ ပထမဘွဲ့ ဝိဇ္ဇာ၊ ဒုတိယဘွဲ့ ဝိဇ္ဇာဂုဏ်ထူး (သမိုင်း)၊ တတိယဘွဲ့ မဟာဝိဇ္ဇာ (သမိုင်း)၊ စတုတ္ထဘွဲ့ ဥပဒေဝိဇ္ဇာ၊ လန်ဒန်တက္ကသိုလ်ကပေးတဲ့ Ph.D နဲ့ D.Lit များကို မြန်မာနိုင်ငံ ရှေးဟောင်းသမိုင်းနဲ့ဆိုင်တဲ့ အထောက်အထား တွေ အသုံးပြုပြီး ကျမ်းတွေ၊ စာတမ်းတွေ ပြုစုရေးသားတဲ့အတွက် ရရှိခဲ့ပါ တယ်။ (ဂုဏ်ထူးဆောင်ပေးသောဘွဲ့များ မဟုတ်ပါ။)

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ အချိန်ပိုင်းနည်းပြက ကထိကအထိ တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပြီးနောက် မန္တလေးတက္ကသိုလ်မှာ သမိုင်းပါမောက္ခ အဖြစ် တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပါတယ်။ စာသင်ကြားပို့ချရေးကို ပေါ့ပေါ့ တန်တန် လုပ်ပြီး သုတေသနကို လေးလေးနက်နက် လုပ်ပါတယ်။ ဒါနဲ့ တောင် အလုပ်မပြုတ်ဘူးလို့ အံ့သြသူတွေ ရှိပါတယ်။

သုတေသနရောင်းရင်းအဖြစ် ကျိုတိုတက္ကသိုလ်၊ တိုကျိုနိုင်ငံခြား ဘာသာသင်တက္ကသိုလ်၊ တိုကျိုခရစ်သာသနာဝင်တက္ကသိုလ်၊ မြောက် အိလိ နွိုက်တက္ကသိုလ်၊ မစ်ချီဂန်တက္ကသိုလ်တွေမှာ အစုစု ရှစ်နှစ်မျှ အမှုထမ်းခဲ့ပါ

mgyoe.com

mgyoe.com

တယ်။ ခရစ်နှစ်၊ နှစ် ၂၀၀၀ မှာ ဖုကုအိုကာ ပညာရှင်ဆုကို ရခဲ့လို့ သမိုင်းသုတေသနလုပ်ငန်းကို အများကြီး ပွားများလုပ်ကိုင်ခွင့် ရခဲ့ပါတယ်။

အခု အသက် ၈၁ မှာ အိုနာကလွဲလို့ တခြား ဘာရောဂါမှမရှိ၊ ရှေးကအတိုင်း သုတေသနကို လုပ်မြဲဖြစ်ပါတယ်။ တက္ကသိုလ်တွေက ကူညီပြီး သင်ကြားပေးဖို့ ခိုင်းကြလို့ စိတ်ဆင်းရဲနေပါတယ်။ ရှောင်နိုင်ဖို့လည်း အားပြုဆဲ ဖြစ်ပါတယ်။

ဇနီး ဒေါ်ခင်ရီ၊ သမီး မဥ္ဇူတို့နဲ့ မြန်မာနိုင်ငံ ရန်ကုန်မြို့တော် လှိုင်မြို့နယ်၊ ရပ်ကွက် ၁၁၊ ယောဂီကျောင်းလမ်း၊ အိမ်နံပါတ် ၁၅၅ (က)မှာ နေထိုင်ပါတယ်။

ကိုယ်ရှာဖွေတွေ့ရှိတဲ့ အသိသစ်ကို သူတစ်ပါးကိုလည်း အသိပေးဖို့ လိုတဲ့အတွက် စာရေးပါတယ်။ စာရေးဆရာ မဟုတ်ပါ။

သန်းထွန်း
၂၀၀၄၊ ဧပြီ၊ ၁–၁၅၊
ခေတ်ဆန်းဂျာနယ်၊ အမှတ် ၇/၀၄။

❐

mgyoe.com

mgyoe.com

# အ၀ ပြန်လည်ထူထောင်ရေး (၁)

ဟံသာ၀တီဆင်ဖြူရှင် (ဘုရင့်နောင် ၁၅ ဇန်နဝါရီ ၁၅၁၆ –၁၀ အောက်တိုဘာ ၁၅၁၈)တွင် မိဖုရားသုံးပါး၊ သားတော်သုံးပါး၊ ကိုယ်လုပ်တော် သုံးဆယ့်လေးပါး၊ သားတော်သုံးဆယ်ငါးပါး၊ သမီးတော် ငါးဆယ့်ခြောက်ပါး၊ ပေါင်းကိုးဆယ့်တစ် (နှာ ၈၃၊ ပေါင်း ၃၃၅) လည်း ပါတယ်။ ပဒေသရာဇ် (ရှမ်းစော်ဘွား) သမီးခင်ပြည့်စုံနဲ့ လက်ဆက်တဲ့အခါ သားကြီး ညောင်ရမ်းစား ရှင်ဦးပုတ် ၁၊ သားကြီးသေဆုံးလို့ သားငယ်ရှင်သစ္စာက ညောင်ရမ်းကိုပဲ ဆက်ခံပြီး ညောင်ရမ်းစားလို့ တွင်သွားတဲ့ မင်းသားတစ်ပါး ရှိတယ်။ အဲဒီမင်းသားကို မောင်သစ္စာခေါ်တယ်။ နောင်အခါ အ၀ကို မင်းနေပြည်တော်ဖြစ်အောင် ပြန်ပြီးတည်ထောင်တဲ့ ညောင်ရမ်းမင်း ဖြစ်လာပါတယ်။

မင်းသားကို မောင်သစ္စာလို့ ဘာပြုလို့ခေါ်ရတယ်ဆိုတာကို ရှင်းပြတဲ့ ပုံပြင်တစ်ခုရှိပါတယ်။ ရှင်ဘုရင်တွေဟာ ရောက်ရာနေရာက မိန်းမငယ်တွေကို သိမ်းယူလေ့ရှိတာကို ငါးရာ့ငါးဆယ် ဇာတ်တော်တွေထဲမှာလည်း တွေ့ရတယ်။ (ကဏ္ဍ၀ါဟနဇာတ် အမှတ် – ၇)။ မြန်မာ့သမိုင်း ရာဇ၀င်ထဲမှာလည်း ကျန်စစ်သားနဲ့ ဟံသာ၀တီဆင်ဖြူရှင် (ဘုရင့်နောင်) တို့ကို ဒီလို

mgyoe.com

mgyoe.com

သားငယ်နဲ့မိန်းမလိုက်လာပုံကို ခိုင်းနှိုင်းပြီး ပြောလေ့ရှိကြပါတယ်။ နှမကောင်းစားရင် မောင်အိမ်ဦးခန်း၊ မောင်ကောင်းစားရင် နှမ မီးဖိုချောင်ဆိုတဲ့ မြန်မာတွေရဲ့ ပကတိဓလေ့ကိုမေ့ပြီး ကုလား၊ တရုတ်တွေရဲ့ အထီးမွေးမှ တန်ဖိုးထားတယ်ဆိုတဲ့ဓလေ့ လွှမ်းမိုးလာပုံကိုလည်း တွေ့ရတာဖြစ်ပါတယ်။ ဆင်ဖြူရှင်နဲ့ မိန်းမငယ်အကြောင်းကို ရာဇဝင်ကျမ်းဆိုတာမှာ ဒီလို တွေ့တယ်လို့ ရေးထားတာကို မြန်မာတရားဥပဒေထုံးဖြစ်ပုံ ဓလေ့တစ်ခုနဲ့ ပတ်သက်နေလို့ အောက်မှာ ကူးယူဖော်ပြလိုက်ပါတယ်။

သောင်ရမ်းမင်းတရားကြီး ခမည်းတော် ဆင်ဖြူများရှင်မင်းတရားသည် ရှမ်းပြည်တစ်ခွင်ကို သုတ်သင် ရှင်းလင်းလိုသောကြောင့် ချီတော်မူရာ သောင်ရမ်းအရပ်တွင် သတို့သမီးတစ်ယောက်ကို မြင်တော်မူ၍ တိမ်းမတ်တော်မူသည်နှင့် အပါးတော်တွင် စေပါးတော် မူရာ အမြိတ် အစွန်းရှိသည်ကို သိ၍ သမီးမွေးမြင်မှ သည်လက်စွပ်ကိုရောင်းချ စားသောက် မွေးမြူလေတော့။ သားမွေးမြူလျှင် သားငယ်ကို ယူ၍လာခဲ့၊ မိန့်မှာတော်မူသည့်အတိုင်း မယ်တော် နေ့လစေ့၍ ဖွားမြင်လျှင် သားငယ် ယောကျ်ားဖြစ်၍ ဟံသာဝတီမြို့ကိုသားတော် နှင့် မယ်တော်ရောက်လာ သည်နှင့် အကြောင်းရှိမဲ့ကို ပြန်လည် လျှောက်တင်ကြား၍ သိတော်မူလျှင် ရက်စနိုး၍ ကွယ်ဝှက်တော်မူသော်လည်း အထက်ကတိရှိတော်မူရင်း ဖြစ်သည်ကို သိ၍ အမတ်ကြီးဗညားဒလအား စွပ်ခြင်းတရား၌မည်သို့ ဖြစ်သင့်သည်၊ စိစစ်တော် မူလျှင် အရှင်နှင့် ကျွန်ဖြစ်၍ ဆင်းရဲသားကဲ့သို့ ဝှက်ကွယ်ဆိုနိုင်ခဲ့ သည့်အမှုဖြစ်သည်။ ရေပြိုင်စေ စီရင်ရန်ရှိသည်တွင် ယခုအမှုမှာ ထိုသူငယ်မလည်၌ စာခွေ စွပ်၍ နာကိုရေမှာ နစ်စေသင့်သည်၊ နန်းထက်တွင်ပင် သည်အစီရင်အတိုင်း ပြီးပြေအောင်စီရင်၍ ခြေထောက်ကို ရွှေအင်တုံနှိုက် ရေနစ်စေရသည်။ သူငယ်မကိုလည်း ၎င်းရွှေအင်တုံ၌ နာနစ်စေရသည်။ ထိုအခါငါးခူကိုက်သကဲ့သို့ ထင်တော်မူ၍ခြေမတော် ကို နှုတ်သိမ်းလျှင် သူငယ်မအား နာနစ်စေရာမှ ဖော်စေ၍ တရားအနိုင်ပေးရလေသည်။ မိန်းမငယ်ကို နန်းတင်တော်မူ၍ သားတော်အကြီးကို ရှင်ဦးပုတ် အငယ်ကို သစ္စာမူရင်းအကြောင်းနိမိတ်ကိုစွဲ၍ မောင်သစ္စာဟူသော အမည်ကို မှည့်ခေါ်လေသည်။ မောင်သစ္စာ အရွယ်ရောက်သည့်အခါ သောင်ရမ်းမြို့စားသနားတော်မူသည်။

mgyoe.com

mgyoe.com


ထိုမင်းသား ရှင်ဘုရင်ဖြစ်သည့်အခါ ညောင်ရမ်းမင်းတရားဟု ထင်ရှား ကျော်စောသည်။ အဝမြို့ကို ထပ်မံတိုးချဲ့ တည်ထောင်ပြီးလျှင် ရတနာပူရမြို့ သမုတ်၍ ထီးနန်းစံသည်။ (ရာဇဝင်ကျမ်းမှ ထုတ်နုတ်ချက်၊ တင်၊ ၄၊ ၁၉၇၆ ပြန်ပုံနှိပ်၊ ၂၇၆–၇)

စောစောက ပြောပြီးတာနဲ့ အခုကောက်နုတ်ချက်ကို ပြန်ဆက်ပြီး ဖာတ်လမ်းဖော်ရရင် ရှင်ဘုရင်ကို သူ့ကလေးအဖေပါလို့ စွပ်စွဲတဲ့သူငယ်မ ညောင်ရမ်းက ခင်ပြည့်စုံဖြစ်တယ်။ ပထမအိမ်ထောင်နဲ့ သား (ရှင်ဉပုတ်) တစ်ယောက်ရှိပြီး ရှင်ဘုရင်နဲ့ရတဲ့ သားကအငယ်၊မောင်သစ္စာလို့ ဟံသာ ဝတီနန်းတော်ရောက်မှ မှည့်ခေါ်တာဖြစ်မယ်။ အဲဒီမောင်သစ္စာ အပကို ပြန်လည်ထူထောင်ပြီး ရတနာပူရလို့ သမုတ်တက်လို့ ၂၇၊ ဩဂုတ် ၁၅၄၇ ကစပြီး နန်းစံပါတယ်။ သတိုးမင်းဖျား (၁၃၆၄–၇) က အဝကို ၁ ဖေဖော်ဝါရီ ၁၃၆၅(မှန်၁၊၁၉၆၃ နှိပ်–၃၉၄)မှာ ဧရာဝတီ၊ဒုဋ္ဌာဝတီ (မြစ်ငယ်) မြစ်ဆုံအရပ် ကို ရွေးပြီး မြို့တည်ခဲ့တယ်။ မြို့နေရာ ကျယ်နိုင်သမျှကျယ်အောင် ကျည်း အင်း၊ ကျောက်မော်အင်း၊ အင်းဘူးနဲ့ ဉနဲအင်းတွေကို မြေဖို့ပြီး မြို့ကွက်ချ တယ်။ ဒါကိုလုပ်ရတာရဲ့ ပဓာနရည်ရွယ်ချက်ကတော့ လုံခြုံရေး ကာကွယ် ရေးကိစ္စ ဖြစ်ပါတယ်။ မြောက်ဘက်က ရှမ်းတွေက (အများသိတဲ့အတိုင်း) ၁၃၆၄ မှာ တောင်ဘက်ဆင်းလာပြီး မြို့တော်နှစ်မြို့ဖြစ်တဲ့ ပင်းယနဲ့စစ်ကိုင်း ကို ဖျက်ဆီးခဲ့ပါတယ်။ အခု မြို့တော်သစ်ဆောက်ဖို့ ရွေးထားတဲ့နေရာက ပင်းယ စစ်ကိုင်းတည်ရာ အရပ်တွေထက် အများကြီးသာပါတယ်။ မိုးအခါ ရေပတ်လည်ဝိုင်းပြီး ကျွန်းဖြစ်နေလို့ ရန်သူတွေကို အလိုလိုဟန့်တားပြီး ဖြစ်နေပါတယ်။ (မှန် ၁၊ ၁၉၆၃နှိပ်၊ ၃၉၆)။ ဒီနေရာကို "အခွဆုံ"လို့လည်း ခေါ်ပါတယ်။ (မှန် ၁၊ ၁၉၆၃ နှိပ်၊ ၃၆၄)။ အရင်က "တမ္ဗဒီပါလို့လည်း ခေါ်တယ် ၂၀၊ အောက်တိုဘာ ၁၃၀၉မှာ နန်းတက်တဲ့ (သန်းထွန်း ၁၉၅၉၊ ၁၂၂) တစီးရှင် သီဟသူ (၁၃၀၉–၂၅) လက်ထက်ရောက်တဲ့အခါကစပြီး အင်းဝလို့ခေါ်တယ်။ (မှန်၁၊ ၁၉၆၃နှိပ်၊ ၃၉၈)။ ၁၅၈၈ ရောက်တဲ့အခါ ညောင်ရမ်းမင်း (၁၅၉၈– ၁၆၀၆)က ရွှေဝလို့ခေါ်ရတယ် (မိန့်ချုပ် ၃၀ ဩဂုတ် ၁၅၉၈)။ ၁၃၆၅ နန်းတော်တည်တဲ့အခါကပဲ မြို့ကို ရတနာပူရ ရွှေဝလို့ သမုတ်ခဲ့ပါတယ်။ (မှန် ၁၊ ၁၉၆၃ နှိပ်၊၃၉၆)။ မြို့တည်စက

mgyoe.com

mgyoe.com


မြို့တည်မင်းပါ သိပ်ပြီး ဘုန်းလက်ရုံးအာဏာနဲ့ ပြည့်စုံလှတယ်လို့ မဆိုနိုင်ပါ။ ပင်လယ်ဒေသတွေနဲ့ သုံးနှစ်ကြာအောင် တိုက်ခိုက်သိမ်းသွင်းပြီးတဲ့အခါ အဝနိုင်ငံဟာ တစ်ဆယ့်ကိုးမြို့ ဖြစ်လာပါတယ်။ အဲဒီတစ်ဆယ့်ကိုးမြို့ ရွာနယ်ပယ်တွေက စကု၊ စစ်ကိုင်း၊ ညောင်ရမ်း၊ တကောင်း၊ တပယင်း၊ တလုပ်၊ တောင်ငူ၊ တောင်တွင်းကြီး၊ တောင်ပြုးကြီး၊ ပခန်းကြီး၊ ပုဂံ၊ ပေါက်မြိုင်၊ ပြည်၊ မက္ခရာ၊ မြေဒူး၊ ရမည်းသင်း၊ ရေလွှဲငါးခရိုင် (ရမည်းသင်း၊ ပက်ပိုင်၊ မြကောင်း၊ တောင်ညိုနဲ့ တမြင်ဆန်း)နဲ့ ဝတီးဝရင်းတုတ်ဖြစ်ပါတယ်။

နောက်ဆက်ခံကြတဲ့ တတိယတြာဖျာ (ခင်းကြီးစွာ စော်ကဲ ၁၃၆၇–၁၄၀၀)က ၃ စက်တင်ဘာ ၁၃၇၅ (သန်းထွန်း ၁၉၅၉ခ၊၁၂၈)မှာ နန်းတင်ပါတယ်။ မှတ်တမ်းတစ်ခု (စာရင်း ၆၈၂)အရ

ရှမ်းတို့ဖျက်ဆီးလို့လုံးဝပျက်စီးနေတဲ့ မြန်မာဒေသမှာ (ရွှေကျောင်းကြီး ဆောက်လုပ်ပြီးစီးလို့) ၇ဖေဖော်ဝါရီ ၁၃၇၅မှာ ကျောင်း တင်ရေစက်ချပွဲလုပ်ပါတယ်။ (ရွှေကျောင်းတော်ကြီး ဒါယကာ) သိရီတိရီ ဖဝနာ ဒီတာပရေပဏ္ဍိတ ဓမ္မရာဇာရဲ့ လက်ရုံးရည် နှလုံးရည်ကြောင့် သာသနာပွင့်လင်းပြန်တယ်၊ ရဟန်း ပုဏ္ဏားနဲ့ ရပ်သူ ရွာသား ယောကျာ်း မိန်းမတွေလည်း ဒါနသီလတို့ကို ဆောက်တည်ကျင့်သုံးနိုင်လို့ မြန်မာ မင်းနေပြည်ဖြစ်တဲ့ အဝလဲ ကြီးပွားစည်ပင်လာလို့ တာဝတိံသာတမျှ သာယာလျက်ရှိပါပြီ။

၁၄ ရာစု အကုန်ပိုင်းကို ရောက်တဲ့အခါ အဝဘုရင်ဟာ ပြန်လည်သာယာဖို့ ပြည်သူတွေကို စိုက်ပျိုးရေးမှာ အထူးအလေးထားပြီး ဆောင်ရွက်စေပါတယ်။ တောကျောင်းဘုန်းကြီး၊ တောမြတ်ကြီးတွေက စစ်ပြီးနှစ်တွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဦးဆောင်ပေးကြပါတယ်။ မြေရိုင်းနဲ့တောတွေကို စိုက်ပျိုးနိုင်အောင် လယ်ယာတည်တဲ့အလုပ်မှာ "တေနေသံဃာ"တွေက ခေါင်းဆောင်တယ်။ ဒါ့ကြောင့်လည်း နေရာဒေသအများမှာ ထွက်ကုန်သီးနှံနဲ့ အများကြီးဝေဆာလာတာကို တွေ့ရတယ်။ (သန်းထွန်း ၁၉၅၉က)။

၁၄ ရာစုနှစ် ကုန်ဆုံးတဲ့အခါ အဝနိုင်ငံကို (ရန်အောင်မြင် ကျောက်စာမျက်နှာဘက် စာကြောင်း ၇–၉၊ သက္ကရာဇ် ၇၆၂၊ ခရစ်နှစ်၁၄၀၀) မှာ အောက်ပါအတိုင်း ဖော်ပြရေးသားထားတာကို တွေ့နိုင်ပါတယ်။ (တင်လှသော် ၁၉၅၉)

mgyoe.com

ဘုရင်အနော်ရထာ မင်းခေါင် ၁၄၀၀–၂၂ ဟာ ၂၅ နိုဝင်ဘာ ၁၄၀၀ က သူပိုင်တဲ့ မြန်မာပြည်ဟာ တနေ့၊ ပေါင်းလောင်အမြီးရောက်တို့ နေရာကို လွန်ပြီး ခံတီ၊ မုန်နဲ့ကျိုင်ခြား (လွန်ပြီး) ဝတ်စားမရှိ၊ လှကိုသတ်ပြီး ယဇ်ပူဇော်တဲ့ နဂါ(လွန်ပြီး) တိမ္မသာလ (အထက်အာသမ်ရှိ ဒီမသာကဆရိယ) အထိ၊ဒါ့အပြင် တစ်ကုန် တလကစပြီး (ဘဿ)အထိရောက်ပါတယ်။

အဝပိုင်နက်ကို ဖော်ပြပုံက ဒီကောက်နုတ်ချက်မှာ သိပ်မရှင်းပါ။ ခရစ် ၁၄၀၀ က စာရင်းကိုကြည့်ပါ။ (မှန်၁၊ ၁၉၆၃၊ ၄၅၂)

ကန်းနီ၊ ကျောက်ပန်းတောင်း၊ ခွင်းထောင်း၊ စကု၊ စကိုင်း၊ စလေ၊ စလင်း၊စဥ့်ကူး၊စည်ပုတ္တရာ၊စည်သာ၊စေဥ့်ကူး၊ရေနံ့၊ညောင်ရမ်း၊ တကောင်း၊ တပယင်း၊ တလုပ်၊ တောင်ငူ၊ တောင်တွင်း၊ ထီးလင်း၊နတ်မောက်၊ ပဒုံ၊ ပထနဂိုရ်၊ ပုခန်းကြီး၊ ပုခန်းငယ်၊ ပုဂံ၊ ပင်လယ်၊ ပင်းတလဲ၊ ပြည်၊ ပြင်စည်၊ ဗန့်ကျီဆယ်တိုက်၊ မက္ကရာ၊ မင်းတပ်၊ မင်းတုန်း၊ မြအောင်၊ မြေထဲ၊ မြေဒူး၊ မြင်စိုင်း၊ ယော၊ ယင်းတော်၊ ရမည်းသင်း၊ ရေနံချောင်း၊ ရွာသာ၊ လယ်ကိုင်း၊ လောင်ရှေ၊ လှိုင်းတက်၊ ဝတီး၊ သရက်၊ သာဂရ၊ သာယာဝတီ၊ အမြင့်။

အဝနဲ့ ဟံသာဝတီစစ်က ၁၃၈၆ က စတယ်။ ၁၄၂၂ ထိ တိုက်ကြတယ်။ ကြားမှာ ၁၄၀၅ က ခေတ္တရပ်နားပြီး ရန်သူဘုရင်နှစ်ပါးဟာ ပြည်ဆံတော်ရှင် ဘုရားမှာတွေ့ကြပြီး နှစ်နိုင်ငံနယ်နမိတ်က ဒီလိုသတ်မှတ်ပါတယ်။

အထက်အညာ မြန်မာဒေသနဲ့ အောက်ပိုင်း (မွန်)အရပ်ကို ပိုင်းခြားဖို့ နယ်နမိတ်တိုင်ကို (အရှေ့အနောက်တန်းလျက်) အရှေ့ဆပကာ၊ အနောက် တပင်တရောင်းမှာ စိုက်ထူရမယ် (တင်လှသော် ၁၉၅၉၊ ၁၄၆)

ဒီနှစ်နေရာစလုံးဟာ (တပင်တရောင်းက) အနောက်ပြည်အောက်ကပ်ရက်၊ ဆပကာက အရှေ့တောင်ငူ အောက်ကပ်လျက် တည်ရှိနေကြပါတယ်။ မြန်မာနဲ့မွန် တိုက်ခိုက်ကြရာမှာ နှစ်ဖက်စလုံး လယ်ယာမြေတွေ အများကြီး ပျက်စီးထိခိုက်နစ်နာတယ်။ အဲဒါအပြင် တစ်ချိန်တည်းမှာပဲ မြောက်ရှမ်းတွေက တောင်ဘက်ကို ဆင်းလာလုယက်တိုက်ခိုက်မယ့် အန္တရာယ်က အမြဲရှိနေပါတယ်။ အဝနန်းကို ၁၂ ဧပြီ ၁၅၀၁ က စပြီးစိုးစံတဲ့ ဘုရင် နရပတိ (ရွှေနန်းကြော့ရှင် ၁၅၀၁–၁၅၂၇)ဟာ အဝ ပထမခေတ်

mgyoe.com

၁၃၆၅–၁၅၂၈ က အဝရဲ့ တန်ခိုးကြီးအရေးပါတဲ့ မင်းတွေထဲမှာ နောက်ဆုံး မင်း ဖြစ်ပါတယ်။ တိုက်ပွဲမှာ ဒီမင်းက သေနတ်မှန်လို့ ၉ မတ်၊ ၁၅၂၇ မှာ ကျဆုံးသွားပါတယ်။ (မှန ်၂၊ ၁၉၆၇ နှိပ်၊ ၁၃၆)။ သူ အဝထီးနန်းကို စိုးဆံဆဲမှာပဲ ၁၅၂၄ (မှန် ၂၊ ၁၉၆၇ နှိပ်၊ ၁၃၄) လောက်ကစပြီး တောင်ငူဟာ နိုင်ငံရေး အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာပါတယ်။ တောင်သူရဲ့ ပထမ ရှင်ဘုရင် မဟာသီရိဇေယျသူ ၁၅၃၀မှာ နတ်ရွာစံ (မှန် ၂၊ ၁၉၆၃ နှိပ်၊ ၁၃၉)တော့ သားတော် တပင်ရွှေထီး (၁၉၃၀–၅၁)က တောင်ငူက ဟံသာဝတီကို ၁၅၃၈ (မှန်၂၊ ၁၉၆၃နှိပ်၊ ၁၄၁) မှာ ထီးနန်းပြောင်းပြီးတဲ့ အခါ အဲဒီအချိန်ကစတင်ပြီး အဝထက် ဟံသာဝတီက နိုင်ငံရေးမှာ အရေး ပါတဲ့နေရာဖြစ်လာပါတယ်။

မွန်ကျောက်စာတွေ (ချစ်သိမ်း ၁၉၆၅၊ သန်းထွန်း၊ ၁၉၆၉) အရ ဟံသာဝတီက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးမှာ တွင်ကျယ်ပုံကို အောက်ပါဇယား အင်းဆောက်လုပ်ပြီး ဖော်ပြလိုက်ပါတယ်။

| | | | |
|---|---|---|---|
| ၁၁ | ဇန်နဝါရီ | ၁၅၅၁ | ဟံသာဝတီဆင်ဖြူရှင်(သီရိပဝရမဟာဓမ္မရာဇ မိရာဇ တောင်ငူသိမ်း |
| ၃၀ | ဩဂုတ် | ၁၅၅၁ | ဆင်ဖြူရှင် ပြေသိမ်း |
| ၁၂ | မတ်လ | ၁၅၅၂ | ဆင်ဖြူရှင် ဟံသာဝတီသိမ်း |
| ၁၂ | ဇန်နဝါရီ | ၁၅၅၄ | ဆင်ဖြူရှင် ဘီသိက်ခံ |
| ၂၂ | ဇန်နဝါရီ | ၁၅၅၄ | ဆင်ဖြူရှင်ဟံသာဝတီသိမ်း |
| ၉ | နိုဝင်ဘာ | ၁၅၅၆ | ဆင်ဖြူရှင် ဟံသာဝတီကထွက် (မြောက်ဘက်တစ်ခွင်သျှမ်းကိုသိမ်းရန်) |
| ၈ | ဇန်နဝါရီ | ၁၅၅၇ | ဆင်ဖြူရှင် အဝကိုမြောက်ကြောင်းချီ |
| ၁၀ | ဇန်နဝါရီ | ၁၅၅၇ | ဆင်ဖြူရှင် မိုးမိတ်၊သီပေါ၊ပတ္တာမြားမြေသိမ်း |
| ၂၀ | ဖေဖော်ဝါရီ | ၁၅၅၇ | ဆင်ဖြူရှင် ထီးချိုင့်ရောက် |
| ၆ | မတ် | ၁၅၅၇ | ဆင်ဖြူရှင် မိုးညှင်းသိမ်း |
| ၂၆ | မတ် | ၁၅၅၇ | ဆင်ဖြူရှင် မိုးကောင်းသိမ်း |
| ၂ | ဧပြီ | ၁၅၅၇ | ဆင်ဖြူရှင်က စော်ဘွားသေရင် လူကိုသတ်ပြီး ယဇ်ပူဇော်ပွဲ ဆက်မလုပ်ရလို့ အမိန့်တော်ပြန် |
| ၉ | ဧပြီ | ၁၅၅၇ | ဆင်ဖြူရှင် မိုးကောင်းက ဟံသာဝတီပြန် |

mgyoe.com

ဟံသာဝတီဆင်ဖြူရှင် ၁၇၊ နိုဝင်ဘာ ၁၅၈၁မှာ နတ်ရွာစံတဲ့အခါ သားတော်ငါးဆူ ဒါယကာ (၁၅၈၁– ၁၆၀၀) က ထီးမွေဆက်ခံပါတယ်။ သူ့လက်ထက်မှာ စစ်ပွဲရပ်စဲတယ်မရှိ။ ဆက်ခါ ဆက်ခါ တိုက်ခိုက်နေရပါတယ်။ ခမည်းတော်ရဲ့ နိုင်ငံတော်ဟာ ကျယ်ပြန့်လှလို့ နိုင်အောင် မအုပ်စီးနိုင်ပါ။ သူ့လက်အောက်က လွတ်ထွက်သွားကြတာကို သူကပြန်သိမ်းသွင်းဖို့ အမြဲကြိုးစားနေပေမဲ့ နောက်ဆုံး မထိန်းနိုင်တော့တာကို တွေ့ပါတယ်။ သူ့လက်အောက်မှာ ၂၉ နယ်ပဲ ကျန်ပါတော့တယ်။ (စာရင်း ၁၀၄၈က)

ကလေး၊ ကသည်း၊ ကံပေါက်၈၊ ခမ်းတီ၊ ခေမာဝရ၊ ခွေလုံ၊ စန္ဒာ၊ စိန့်၊ ဇင်ရုံ၊ ညောင်ရွှေ၊ တမလိတ္တိ၊ တမ္ဗဒီပ၊ ပတ်ကျိုဝ်၊ ဗန်းမော်၊ မဟာနဝရ၊ မိုင်ခွန်၊ မိုင်စင်၊ မိုင်တီ၊ မိုင်ပေည်၊ မိုးကောင်း၊ မိုးညှင်း၊ မိုးနာ၊ မိုးနယ်၊ မိုးမတ်၊ မိုးဝန်၊သီပေါ၊ သုနာပရန္တ၊ သေဉ်ဝီ၊ အယုဒယတို့ ဖြစ်ပါတယ်။

ဒီစာရင်းက ဟံသာဝတီ မပျောက်မီက လုပ်တယ်လို့ သိရပါတယ်။ စာရင်းလုပ်ပြီး မကြာမီ အဝ ပျက်တယ်။ အဝကို ပြန်ပြီး ထူထောင်မယ့် ပုဂ္ဂိုလ်ကတော့ ညောင်ရမ်းမင်း ဖြစ်ပါတယ်။ သူအပိုင်စားရတဲ့ ညောင်ရမ်းကိုပဲ ပထမရန်သူအပေါင်းရဲ့ အတိုက်အခိုက်ကို ခံနိုင်အောင် ၁၅၉၆ က စပြီး ပြင်ဆင်ရပါတယ်။

ကလျာ၊ အမှတ် (၂၀၂)၊
ဒီဇင်ဘာ၊ ၂၀၀၁။

❒

(ဒီအပုဒ်က ၂၀၀၁ ထဲကပေမယ့် ၂၀၀၂ နဲ့ တွဲနေတာမို့ ဒီအတွဲမှာပဲ တစ်ပေါင်းတည်း ဖော်ပြပေးပါတယ်။)

mgyoe.com

mgyoe.com

# အဝကို ပြန်လည်ထူထောင်ခြင်း (၂)

ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်ဟာ ၁၆ ရာစုနှစ် ပြည့်ခါနီးမှာ ငါးဆူဒါယကာမင်း (၁၅၈၁–၁၅၉၉) နန်းမကျမီ၊ ဟံသာဝတီ ဆင်ဖြူရှင် ထူထောင်ခဲ့တဲ့ လက်နက်နိုင်ငံ မပြိုကွဲမီ၊ သူ့တစ်ဦးတည်းအတွက် ကြီးပွား တိုးတက်ရေးနဲ့ အဝကို ပြန်လည်ထူထောင်ရေးအတွက် လုပ်ရပ်တွေကို ကြည့်ပါ။

## ၁ ညောင်ရမ်းမင်းရဲ့ အဝနိုင်ငံ ပြန်လည်ထူထောင်ရေး

| | | |
|---|---|---|
| ၁၀ ဇူလိုင် | ၁၅၉၇ | ညောင်ရမ်းမင်းက ရမည်းသင်းကို တိုက်ယူ၊ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ပေါက်မြိုင်၊ သာဂရ၊ ပင်းတလဲနဲ့ ပြင်စည်တို့က ဝင်လာ |
| ၂၇ ဇူလိုင် | ၁၅၉၇ | ညောင်ရမ်းမင်းက အဝကို သိမ်းယူ |
| ၃၀ ဇူလိုင် | ၁၅၉၇ | ညောင်ရမ်းမင်း ပုဂံကိုသိမ်း၊ သေရောက်၊ တူရွင်းတိုင်၊ ကျောက်ပန်း |

mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| | | | တောင်း၊ စဉ့်ကူ၊ စလေနဲ့ ပခန်းငယ် ဝင်လာ |
| ၆ | စက်တင်ဘာ | ၁၅၉၇ | ညောင်ရမ်းမင်းက စကိုင်း၊ မြေဒူး၊ တပယင်း၊ စည်ပုတ္တရာ၊ ကန်းနီ၊ ပဒုံ၊ အမြင့်၊ စဉ့်ကူး၊ မြတောင်၊ ချွန်းတောင်နဲ့ ကောင်းဘုံတို့ ဝင်လာ၊ စကု၊ စလင်း၊ ဘောင်လင်း၊ လယ်ကိုင်းတိုနဲ့ စည်းရုံးပြီး ညောင်ရမ်းစားကို တိုက်ခိုက်ရန် ပြင်ဆင်ဆဲ၊ ပြေစား ကွယ်လွန် |
| ၁၂ | ဇူလိုင် | ၁၅၉၈ | ညောင်ရမ်းမင်းက နိုင်ငံတော်ရဲ့ မြို့တော်၊ မင်းနေပြည်တော်ဖြစ်အောင် အဝကို ပြန်လည်တည်ဆောက်ရန် အမိန့်တော်ပြန် |
| ၈ | အောက်တိုဘာ | ၁၅၉၉ | ညောင်ရမ်းမင်းက မိုးကောင်းမိုးညှင်းကို သိမ်းသွင်းဖို့ စစ်တပ်လွှတ် |
| ၁၃ | ဖေဖော်ဝါရီ | ၁၆၀၀ | ညောင်ရမ်းမင်းက အဝနိုင်ငံတော် အရှင်ဘုရင်အဖြစ် ခံယူ |
| ၂၆ | ဒီဇင်ဘာ | ၁၆၀၀ | ညောင်ရမ်းမင်း ညောင်ရွှေကို စစ်တပ်လွှတ် |
| ၁၄ | ဖေဖော်ဝါရီ | ၁၆၀၂ | ညောင်ရမ်းမင်းကိုယ်တော်တိုင် ဗန်းမော် (ဗမော်)ကိုချီ |
| ၂၄ | ဇွန် | ၁၆၀၂ | ညောင်ရမ်းမင်း မိုးနဲကိုချီ၊ ညောင်ရွှေ၊ မိုးဗြဲ၊ စကား၊ ရောက်စောက်၊ နောင်မွန်၊ မိုင်းပတ်၊ မိုင်းကိုင်နဲ့ တီကျစ်တို့ အညံ့ခံ (ဝင်လာ) |
| ၁၇ | စက်တင်ဘာ | ၁၆၀၄ | မိုးနဲစော်ဘွား အဝက ထွက်ပြေး၊ |

mgyoe.com

| | | | |
|---|---|---|---|
| | | | လိုက်ဖမ်းပြီး ကွပ်မျက် |
| ၂၁ | အောက်တိုဘာ | ၁၆၀၄ | ညောင်ရမ်းမင်းက မိုးကောင်းကို ထပ်မံနှိပ်ကွပ်ရ |
| ၁၁ | ဇူလိုင် | ၁၆၀၅ | ညောင်ရမ်းမင်း မိုးမိတ်နဲ့ သိန္နီကို ချီတက် |
| ၂၁ | ဖေဖော်ဝါရီ | ၁၆၀၆ | ညောင်ရမ်းမင်း တပ်ခေါက်ပြီး နေပြည်တော် ပြန်အလာလမ်းမှာ နတ်ရွာစံ |

အခု ဇယားအင်းစောက်မှာ တွေ့တိုင်အတိုင်း စစ်ချီရာက နေပြည်တော် ပြန်မရောက်မီ နတ်ရွာစံတဲ့အထိ အဝနိုင်ငံကို ပြန်လည်ထူထောင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဆောင်ရွက်ဖွယ်တွေ များလွန်းလို့ မပြီးမပြတ် လက်စမသတ်နိုင်တဲ့ ကိစ္စတွေ ရှိနေပါသေးတယ်။ ထီးမွေကို ဆက်ခံသူ အနောက်ဘက်လွန်မင်း (၁၆၀၆–၂၈)ကလည်း လုပ်ဖွယ်ကိစ္စတွေကို မနားမနေ ဆက်လက်ဆောင်ရွက်ပါတယ်။ ရောဝတီ၊ စစ်တောင်း မြစ်ဝကျွန်းပေါ် ဒေသတွေနဲ့ တနင်္သာရီတစ်လျှောက် သိမ်းသွင်းဖို့ ကျန်ပါသေးတယ်။ (မှန်၊ ၃၊ ၁၉၆၇၊ ၁၄၅–၈၇)

## အနောက်ဘက်လွန်မင်း တောင်ဘက်တစ်လွှားကို သိမ်းသွင်း

| | | | |
|---|---|---|---|
| ၂၃ | ဖေဖော်ဝါရီ | ၁၆၀၆ | အနောက်ဘက်လွန်မင်း ထီးမွေနန်းမွေ ဆက်ခံ |
| ၁၃ | အောက်တိုဘာ | ၁၆၀၇ | အနောက်ဘက်လွန်မင်း ပြည်မြို့ကို ချီတက်တိုက်ခိုက် |
| ၂ | ဇူလိုင် | ၁၆၀၈ | ပြည်မြို့ကျ |
| ၂၄ | ဩဂုတ် | ၁၆၁၀ | တောင်ငူမြို့ကျ |
| ၁၅ | ဒီဇင်ဘာ | ၁၆၁၂ | သံလျင်(တညင်)ကို ချီတက်တိုက်ခိုက် |
| ၁၈ | မတ် | ၁၆၁၃ | သံလျင် (တညင်)ကျ |

mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၂၈ | မတ် | ၁၆၁၃ | ငဇင်ကာနဲ့ နတ်ရှင်နောင်တို့ကို ကွပ်မျက် |
| ၃ | မေ | ၁၆၁၃ | အနောက်ဘက်လွန်မင်း ဟံသာဝတီမှာ ဗိုလ်ဝင်ခံ |
| ၇ | နိုဝင်ဘာ | ၁၆၁၃ | အနောက်ဘက်လွန်မင်း မုတ္တမ (မဒမ)ကို ချီတက် |
| ၂၁ | နိုဝင်ဘာ | ၁၆၁၃ | အနောက်ဘက်လွန်မင်း ထားဝယ် (ဒဝယ်)ကို ချီတက် |
| ၁၅ | ဒီဇင်ဘာ | ၁၆၁၃ | ထားဝယ် (ဒဝယ်)ကျ |
| ၂၆ | ဒီဇင်ဘာ | ၁၆၁၃ | တနင်္သာရီကို သိမ်းယူ |
| ၁၈ | ဧပြီ | ၁၆၁၄ | ဇင်းမယ်ကို ချီတက် |
| ၂၅ | နိုဝင်ဘာ | ၁၆၁၄ | ဇင်းမယ် အညံ့ခံ |
| ၂၆ | နိုဝင်ဘာ | ၁၆၁၄ | လင်းဇင်းက အညံ့ခံ |
| | စက်တင်ဘာ | ၁၆၁၅ | သံတွဲက အညံ့ခံ |
| ၂၉ | မေ | ၁၆၂၈ | အနောက်ဘက်လွန်မင်း လုပ်ကြံခံရ |

အနောက်ဘက်လွန်မင်း လုပ်ကြံခံရချိန်မှာ ထီးမွေကို ဆက်ခံဖို့ ညီတော် (သာလွန်မင်း ၁၆၂၉–၄၈)က နေပြည်တော်မှာ မရှိပါ။ ကျိုင်းရုံးကြီးကို ချီတက်တိုက်ခိုက်ဆဲ ဖြစ်ပါတယ်။ နောင်တော်ဘုရား နတ်ရွာစံပြီ သတင်းရတော့ အဝကို ချက်ချင်းပြန်ခဲ့ပါတယ်။ အဝမှာ ခမည်းတော်ကို လုပ်ကြံတဲ့ တူတော် မင်းရဲဒိဗ္ဗက ရှင်ဘုရင်လုပ်နေပါပြီ။ (မှန်၊ ၃၊ ၁၉၆၇၊ ၁၉၃)။ မင်းရဲဒိဗ္ဗကို ဖမ်းယူဖို့ မခက်ခဲပါ။ အဲဒီနောက် သတိုးဓမ္မရာဇာ (သာလွန်မင်း)အဖို့ ထီးနန်းကို အေးအေးသာသာ တစ်ဆယ့်ကိုးနှစ် စိုးစံရပါတယ်။ နတ်ရွာစံတဲ့ ၁၇ ဩဂုတ် ၁၆၄၈ (မှန်၊ ၃၊ ၁၉၆၇၊ ၂၄၇)ရဲ့နောက် ၁၆၅၀ ပြည့်နှစ်မှာ ကောက်ယူတဲ့စာရင်း (စာရင်း ၁၁၀၅ က ၆၆–၇၁)အရ အဝနိုင်ငံတော်မှာ ပါဝင်တဲ့ တိုင်းတွေရဲ့ စာရင်းကိုကြည့်ပါ။

mgyoe.com

mgyoe.com

## အဝနိုင်ငံ (၁၆၅၀)ပါ တိုင်းစာရင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | – | ကမ္ဘောဇတိုင်း | – | ၁ | ပုဂံ | ၈ | – | သုနာပရန္တတိုင်း |
| – | ၁ | ညောင်ရွှေ | – | ၂ | ပင်းယ | – | ၁ | ကလေး |
| – | ၂ | မိုးနဲ | – | ၃ | မြင်ဆိုင်း | – | ၂ | စကု |
| – | ၃ | သီပေါ | – | ၄ | အဝ | – | ၃ | စလင်း |
| ၂ | – | ခေမာဝရတိုင်း | ၆ | – | မဟာနာဂရတိုင်း | – | ၄ | ဖောင်းလင်း |
| – | ၁ | ကျိုင်းတုံ | – | ၁ | ကျိုင်းရုံမ် | – | ၅ | လယ်ကိုင်း |
| ၃ | – | ဇေယဝဍ္ဎနတိုင်း | – | ၂ | မိုင်းစည် | – | ၆ | သောင်းသွပ် |
| – | ၁ | ကေတုမတီ | ၇ | – | ရာမညတိုင်း | ၉ | – | သီရိခေတ္တရာတိုင်း |
| – | ၂ | ဇေယဝတီ | – | ၁ | ကုသိမ် | – | ၁ | ပန်းတောင်း |
| ၄ | – | ဓိန်တိုင်း | – | ၂ | ဒဂုံ | – | ၂ | သရေခေတ္တရာ |
| – | ၁ | ခွေလုပ် | – | ၃ | ဒလ | – | ၃ | ဥဒေတရစ် |
| – | ၂ | စန္ဒာ | – | ၄ | မုတ္တမ | ၁၀ | – | ဟရိပုဥ္ဇတိုင်း |
| – | ၃ | ဗမော် | – | ၅ | ရောင်မြ | – | ၁ | ကျိုင်းသည် |
| ၅ | – | တမ္ပဒီပတိုင်း | – | ၆ | ဟံသာဝတီ | – | ၂ | ဇင်းမယ် |

စိုးပိုင်တဲ့ နယ်မြေကျယ်ပြန့်လွန်းလို့ အမိန့်တော်ထုတ်ရင် လူတိုင်းနားလည်အောင် ဗမာ၊ မွန်၊ ယွန်း (လော) ဘာသာသုံးမျိုး ရေးသားထုတ်ပြန်ရပါတယ်။ (စာရင်း ၁၁၀၅ က ၄၇)

ဘုရင်တစ်ပါးတည်း အုပ်ချုပ်ရေးတာဝန်ကြီးကို မနိုင်ပါ။ ဒီတော့ လိမ္မာပါးနပ် ကျွမ်းကျင်သူတွေကို ဝန်၊ ဝန်ထောက်၊ သင်းမှူး၊ ပင်းမှူး ခန့်ရပါတယ်။ ၁၆၅၀ ပြည့်က မှတ်တမ်းမှာ–

*ဝန်ကြီးစတဲ့ အမှုထမ်းတွေက ရာထောင်ချီပြီး ရှိနေပါတယ်။ သူတို့တွေက (၁) စစ်ရေးစစ်ရာမှာ ဆင်စီး၊ မြင်းစီး အထိုးအခုတ် အလွန်ကျွမ်းကျင်အောင် လေ့*

mgyoe.com

mgyoe.com


*ကျင့်ထားရပါတယ်။ (၂) တောနေမြို့နေလူပေါင်းစုံကို ထိန်းသိမ်းအုပ်ချုပ်တဲ့နေရာမှာ တော်တယ်၊ စေ့စပ် သေချာတယ်။ (၃) စစ်သေနင်္ဂဗျူဟာနဲ့ စစ်ဆင်ရေး နည်းပရိယာယ်အားလုံးကို နိုင်နင်းတယ်။ (၄) အရည် အချင်းပြည့်စုံပြီး ရိုးသားဖြောင့်မတ်တဲ့ တရားသူကြီး တွေဖြစ်လို့ တရားရာဇဝတ် ကျင့်ထုံးတွေကိုလည်း မှန်ကန်အောင် လိုက်နာနိုင်တယ်။ အကျင့်စာရိတ္တမှာ လည်း ကျောက်တိုင်လို ခိုင်မာတယ်။ လာဘ်စားခြင်း၊ အဂတိလိုက်စားခြင်း မရှိ။ (၅) စေ့စပ်သေချာ လိမ္မာ ပါးနပ်တဲ့ ပြည်ရိုး၊ မြို့ကွပ်၊ အဆော်၊ အကြပ်၊ ထောင် ပိုင်၊ သင်းမှူး၊ ခိုင်မှူး၊ ကြေးစား၊ သီးစား၊ မြို့စားတွေ တာဝန်ဝတ္တရား ထမ်းဆောင်နေကြပါတယ်။ သူတို့ ထိန်းပေးတဲ့အတွက် အုပ်ချုပ်ရေးနယ်မြေအတွင်း ခိုး သေး၊ မီးပွား၊ မလိုမုန်းထား၊ အလိမ်အညာ၊ ကတိ ပျက်၊ အနှိပ်အစက်၊ မုဒိမ်း၊ မီးရှို့၊ သူသေ၊ လူသတ်၊ ပုန်ကန်ထကြွမှုတွေ ကင်းရှင်းပါတယ်။*

ဒီလိုအမှုထမ်းတွေကြောင့် ရှင်ဘုရင်က တိုင်းသူပြည်သားကို ပြည် တွင်းပြည်ပ ရန်မရှိအောင် ထားနိုင်တယ်။ ဗုဒ္ဓသာသနာကိုလည်း ကောင်း ကောင်း ထောက်ပံ့ကူညီနိုင်တယ်။ မင်းကျင့်ဆယ်ပါးနဲ့အညီ အုပ်ချုပ်နိုင် လို့ သမိုင်းတစ်လျှောက်မှာ မင်းကောင်းမင်းမြတ်အဖြစ်နဲ့ ထင်ရှားကျော် ကြားမှာ ဖြစ်ပါတယ်။

ဝန်ဆိုတဲ့ ဝေါဟာရအနက်အဓိပ္ပာယ်ဖော်ရင် ကြီးလေးတဲ့တာဝန်ကို ပြေကုန်အောင် ထမ်းရွက်နေသူလို့ ဆိုလိုတယ်။ ရှင်ဘုရင်အကူအပံ့များ ဖြစ်တယ်။ ဒီနာမည်ကို ခရစ်နှစ် ၁၃၈၆ က စပြီး သုံးစွဲနေကြောင်း သိရပါ တယ်။ (စာရင်း ၇၂၉ ၁၇၊ ၄၇၊ စာရင်း ၁၁၀ က ၅၀)။ ရှင်ဘုရင်က "လူ မှန် နေရာမှန်" စေခိုင်းတဲ့အတွက် မင်းကောင်းမင်းမြတ်အဖြစ်နဲ့ သမိုင်း မော်ကွန်း တွင်ရစ်မှာဖြစ်ပါတယ်။ မင်းကောင်းမှန်ရင် ...

*(၁) စာမရိသားကောင်ကဲ့သို့ တည်ငြိမ်မြဲမြံရမယ်။*

mgyoe.com

mgyoe.com


မင်းတွေရဲ့ ကျင့်စဉ်ငါးပါး၊ ရှစ်ပါးကို စောင့်ထိန်းရမယ်။

(၂) မုခ်အဝင်အထွက်ပေါက်ရှိ တံခါးတိုင်နှစ်တိုင်လို ခိုင်ရမယ်။ မယိမ်းမယိုင်ရ၊ ဘယ်သူက မြှူဆွယ်လို့မှ တိမ်းညွတ်ခြင်း မရှိစေရ။

(၃) ပတ္တမြားလို အရည်အသွေးသုံးမျိုး ရှိရမယ်။ အပြစ်အနာကင်းရမယ်။ ကြည်လင်ရမယ်။ ရွှေလို အဖိုးတန်ပစ္စည်းတွေနဲ့ တွဲဖက်ရှိနေရမယ်။ မင်းမျိုး စစ်ရမယ်။ မကောင်းမှုနဲ့ ကင်းလွတ်ရမယ်။ ကောင်းတဲ့လူတွေနဲ့ပဲ တွဲဖက်နေထိုင်ရမယ်။

(၄) စကြဝတေးမင်းကြီးလို အမှုကို ကတိမလိုက် ဆုံးဖြတ်စီရင်ရမယ်။ မကောင်းမှုမှန်သမျှ ချိုးနှိမ်ရမယ်။ အမှန်တရားကို အားပေးရမယ်။ အစောင့် တပ်သားထားပြီး ပြည်တွင်းပြည်ပရန်ကို တားဆီးပိတ်ပင်ပေးရမယ်။

(၅) မိုးရေလို သတ္တိငါးမျိုး ရှိရမယ်။ ရေနဲ့မီးကို ငြိမ်းသတ်သလို ရန်ကို မကျရောက်အောင် ပြေပြောညှိနှိုင်းပြီး တားဆီးနိုင်ရမယ်။ အပူကို ရေပက်ဖျန်းပြီး အေးအောင် လုပ်နိုင်သလို ဘေးအန္တရာယ်ကို မျှော်မှန်းထိတ်လန့်နေသူတွေကို အကာအကွယ်လုပ်ထားပြီး ရှိတယ်လို့ ပြောပြောပြီး နှစ်သိမ့်နိုင်ရမယ်။ ရေစွတ်တဲ့အခါမှာ အစေ့က အညှောင့်ထွက်သလို လူတွေလည်း လုပ်အားတက်ပြီး ကြီးပွားချမ်းသာအောင် ကြိုးစားအားထုတ်လာအောင် အားပေးနိုင်ရမယ်။ ရေကန်တွေ၊ ဆည်တွေမှာ အရေးကြုံတဲ့အခါ သုံးဖို့ သိုလှောင်ထားသလို ဘုရင့်အပါးမှာလည်း ပညာရှိတွေ လိုသလိုသုံးဖို့ ဝိုင်းရံထားရမယ်။

(၆) မဟာနာမမင်းလို အရည်အချင်းခြောက်မျိုး ရှိရမယ်။ ဘုရား တရား သံဃာ ရတနာသုံးပါးကို အစဉ်

mgyoe.com

mgyoe.com

မြတ်နိုးရိုသေရမယ်။ သီလကို အမြဲစောင့်ထိန်းရမယ်။ မမှန်တာမလုပ်မိဖို့ ကြောက်ရမယ်။ မမှန်တာ လုပ်မိရင် ရှက်ရမယ်။

(၇) ဝေသာလီမင်းသားတွေလို အရည်အချင်းခုနစ်ပါးနဲ့ ပြည့်စုံရမယ်။ အရေးပါအရာရောက်တဲ့ ဆုံးဖြတ်ချက်ရဖို့ မပြတ် စည်းဝေးတိုင်ပင်ရမယ်။ အရေးပါတဲ့ ကိစ္စကို စုပေါင်းအားထုတ် ဆောင်ရွက်ရမယ်။ မိဘ ဘိုးဘေးတို့ကို စံနမူနာထားပြီး အလုပ်လုပ်ရမယ်။ ပြင်းထန်ကြီးမားတဲ့ဒဏ်ကို တတ်နိုင်သလောက် ရှောင်ပြီး အပြစ်ရှိသူတို့ကို ယဉ်ကျေးအောင် ဆုံးမရမယ်။ ကြီးသူ လိမ္မာသူတို့ရဲ့ အတွေ့အကြုံအရ ပြောစကားကို လေးစားလိုက်နာရမယ်။ ပြည်သူလူအများကို ဖိစီးနှိပ်စက်မရှိ၊ ညှာတာထောက်ထားရမယ်။ နတ်၊ သိကြား၊ ဗြဟ္မာတို့ကို အစဉ်အမြဲ ပူဇော်ပသရမယ်။ သူတော်သူမြတ်တွေ မိမိတို့အရပ်က လာရောက်နေထိုင်တာကို ဆက်လက် မွေ့လျော်နေထိုင်အောင် အလေးအမြတ် လှူဒါန်းပေးကမ်းရမယ်။

(၈) လူဖြောင့်လူကောင်းတွေရဲ့ အရည်အသွေးရှစ်မျိုးလည်း ရှင်ဘုရင်မှာ ရှိရမယ်။

(၉) ကိုးပါးသီလမြဲရမယ်။

(၁၀) သူတော်သူမြတ်တို့ဆောင်တဲ့ ဆယ်ပါးသီလ မြဲရမယ်။ တစ်နည်းအားဖြင့် မင်းဆိုတာ ပြဿဒ်နဲ့တူတယ်။ ရှိရှိသမျှ တိုင်၊ ပေါင်းကူပ်၊ ယက်မ ဆိုသမျှတွေဟာ ပြဿဒ်ကိုသာ ဝိုင်းပြီးထောက်ကြရတယ်။ လဟာ ကြယ်တာရာတွေရဲ့ အလင်းဟူသမျှကို ဆွဲယူပြီး ထွန်းလင်းနေတာဖြစ်တယ်။ ဒီလိုပဲ မင်းဟာ စဉ်းစားတွေးခေါ်လို့ရသမျှ အကောင်းဟူသမျှရဲ့ သရုပ်ပြဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အခုဖော်ပြခဲ့တာတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်တယ်။ အဝ မင်းတွေကလည်း တတ်နိုင်သလောက် ကြိုးစားပြီး ဒီဂုဏ်ထူးတွေနဲ့ ပြည့်စုံအောင် နေတယ်။ သာလွန်မင်း ၁၆၂၉–၄၈ ဆိုရင် တိုင်းသူပြည်သားအပေါ်မှာ ရင်ဝယ်သားကဲ့သို့ ကြင်နာတဲ့မင်းလို့ စံပြုထိုက်အောင် ကောင်းတဲ့မင်း ဖြစ်ပါတယ် သာလွန်မင်း အမိန့်တော်တစ်ခု (၂၈ စက်တင်ဘာ ၁၉၃၈)မှာ–

*အလွန်လိမ္မာသော ဥယျာဉ်မှူးသည် အပင်ပေါက်ငယ်တို့ကို ယုယပျိုးထောင်၍ ပင်ကြီးပင်ကောင်း ဖြစ်ပေါ်ရှင်သန်စွာ ကြီးမြင့်အောင် ပြုစုစောင့်ရှောက်သည်ကို ငါ ဘုရင်က စံပြုအတုယူ၍ နိုင်ငံကို အုပ်ချုပ်သည်။ သစ်ပင်များ ကြီးထွားကာ အဖူးအပွင့်တို့ဖြင့် ဝေဆာလှပ တိုးပွားအောင် စောင့်ရှောက်သည်။ ရေလိုသော အပင်ကို ရေလောင်းသည်။ အရိပ်ကင်းမဲ့သောအပင်ကို အကာအမိုးပြုလုပ်ပေးသည်။ ဤသို့လျှင် နေပူဒဏ်ကင်းလွတ်ကြရသည်။ ယင်းသို့ ယုယခြင်း၊ မျိုးကောင်းမျိုးသန့် ပျံ့စေခြင်းတို့ကို ပြုနိုင်သဖြင့် ချဉ်သော၊ ခါးသော အသီးများပင် အချဉ်အခါးကင်း၍ အရည်ရွှမ်းသော အသီးများ သီးလာ၏။ ဝတ်ဆံမသန့်သဖြင့် မျိုးရော ညှံ့ဖျင်းသွားမည်ကို တားဆီးနိုင်သည့်အတွက် အသီးအပွင့်တို့၏ ကောင်းသောဂုဏ်အင်္ဂါများ မလျော့နည်းရအောင် ထိန်းနိုင်ပါသည်။ အပင်ချင်း နီးကပ်လွန်းသဖြင့် ကြီးထွားခြင်း မနှေးကွေးစေရ။ တစ်ပင်နှင့်တစ်ပင် အနှောင့်အယှက်မရှိစေရ။ အတော်ဆုံး ဥယျာဉ်မှူးထက်သာအောင် ငါဘုရင်က ကြိုးစားအားထုတ်သည်။ ယခုဖော်ပြပါ စံနမူနာများအတိုင်း မြတ်စွာဘုရား၏ သာသနာကို စောင့်ရှောက်လျက် ပြည်သူပြည်သား လူအများတို့ ကောင်းစွာကြီးပွား တိုးတက်စေပါသည်။ လူတိုင်းလူတိုင်း တရားသဖြင့် လိုအပ်သော အရာမှန်သမျှကို ဖြည့်စွမ်းသည့်အတွက်*

mgyoe.com

mgyoe.com


*သားငယ် စမြေးငယ်တို့ လူလားမြောက်အောင် မွေးခွင့်ရသည်။ လူရွယ်လူလတ်တို့ ကျေနပ်နှစ်သိမ့်အောင် အသက်မွေးခွင့်ရသည်။ လူကြီးသူကြီးတို့လည်း မပူမပင် မကြောင့်မကျ အသေဖြောင့်သည်။*

နန္ဒယော်စာကို လက်ထက်တော်မှာ ဝန်ကြီးခန့်တဲ့အခါက အမိန့်တော် ပြန်တမ်းကြီးကို ထုတ်ပြန်ပြီး ဝန်ဆိုသူတွေရဲ့တာဝန်ကို ရှင်းလင်းပြတ်သားအောင် ဖော်ပြခဲ့ပါတယ်။

*၁။ ဝန်ကြီးတစ်ပါးကို သုံးပါးနှင့်တွဲပြီး တာဝန်ပေးအပ်ပါတယ်။ ဝန်ကြီးလေးပါးဟာ တာဝန်ထမ်းဆောင်ဆဲကာလမှာ ဘာ့ပဲလုပ်လုပ် အားလုံးကျရောက်မယ့်တာဝန်ကို ယူရတယ်။*

*၂။ ဝန်ကြီးတစ်ပါးချင်း လက်ရှိရှင်ဘုရင်ရဲ့ အိမ်တော်ပါကျွန်ဖြစ်လို့ သူ့သစ္စာဖောက်မှာကို မစိုးရိမ်ရပါ။*

*၃။ အနီးအစပ် နိုင်ငံနဲ့ ဆက်သွယ်တဲ့အခါတိုင်း သူတို့တစ်ဦးချင်း ပါဝင်ဖို့ လိုပါတယ်။*

*၄။ သူ ဆောင်ရွက်ရမယ့်တာဝန်က တစ်နိုင်ငံလုံးနဲ့ ဆိုင်တယ်။ သမုဒ္ဒရာလို ကျယ်တယ်။ ဒီလိုကြီးကျယ်ပေမဲ့ စိတ်ထားသန့်သန့်နဲ့ တာဝန်ကို မကြောက်မရွံ့ ထမ်းဆောင်ရမယ်။*

သူ့အဖို့ အိပ်ချိန်မှတစ်ပါး တခြား နားနေခွင့်မရ။ အချိန်ပြည့်တာဝန်ထမ်းရမယ်။

*၁။ အရပ်ရပ်အနယ်နယ်က ပဒေသရာဇ်တွေ တင်ဆက်တဲ့ အစီရင်ခံစာတွေကို စစ်ဆေးပြီး တောင်းခံသမျှကို ပေးခြင်း၊ ငြင်းပယ်ခြင်းပြုရတယ်။ အရေးကိစ္စပေါ်ရင် ဘယ်ကိစ္စကို ဘယ်သူထမ်းရွက်စေလို့ ရွေးကောက်ဆင့်ဆိုရတယ်။*

*၂။ ကာကွယ်ရေး၊ လုံခြုံရေးမှန်သမျှ အိပ်လှည့်အိပ်ဖန်၊ ကင်းစောင့်၊ တံခါးစောင့်၊ နန်းတော်၊ အိမ်တော်*

mgyoe.com

mgyoe.com

ဝန်းကျင်ကို မလစ်ဟင်းစေရအောင် စောင့်ရှောက်ရတယ်။

၃။ နယ်အစီရင်ခံစာကို စစ်ဆေးပြီး သင့်တင့်အောင် ပြန်စာပေးပို့ရတယ်။

၄။ အယူခံမှုန်သမျှကို ကြားနာစစ်ဆေးပြီး စီရင်ချက်ချရတယ်။

၅။ နိုင်ငံခြားသံကြီးတမန်ကြီးကို လက်ခံတွေ့ဆုံပြီး ညှိဝတ်ကျေအောင် ပြုစုရတယ်။ အထူးသဖြင့် ပဒေသရာဇ်ဖြစ်တဲ့ စော်ဘွားတွေကို နေပြည်တော်ရောက်ခိုက် အရေးတယူပြုစုလိုက်ရင် ဆက်လက် သစ္စာတော်ခံပြီး အမှုထမ်းလိုစိတ် မပျောက်အောင် ဂရုပြုဆက်ဆံရမယ်။

ဒီကိစ္စ ဆယ်မျိုးကို အိမ်မှာနေရင်း ဆောင်ရွက်ရမယ်။ နေမွန်းတည့်ရောက်မှ ရုံးတက်ကြရပါတယ်။ ရုံးတော်ရောက်ပြီးတဲ့အခါ ဆောင်ရွက်ရမယ့် တာဝန်တွေက–

၁။ ယခင်ချပြီး အမိန့်တွေကို ဘယ်လောက်ဆောင်ရွက်ပြီးလို့ ဘယ်လောက်ကျန်သေးတယ်ဆိုတာ စစ်ရတယ်။ ရှင်ဘုရင်က မေးတဲ့အခါ နားခံတော်က လျှောက်ထားတတ်အောင် အခြေအနေမှန်ကို ပြောထားရတယ်။

၂။ နားခံတော်က မင်းမိန့်ကို ယူလာတဲ့အခါ ကြားနာပြီး ဆိုင်ရာဆိုင်ရာ ဆင့်ဆိုရတယ်။

၃။ နေပြည်တော်ကို နိုင်ငံခြား သံတမန်ရောက်စဉ် လက်ခံ ကျွေးမွေး ပြုစုထိုက်သမျှ ဆောင်ရွက်ဖို့ စီမံရတယ်။

၄။ နိုင်ငံတော်အနှံ့ ကင်းအစောင့်အရှောက်မှာ လူပိုလူနှုတ် လဲလှယ်ပေးရပါတယ်။

၅။ နယ်စွန်နယ်ခြားမှာ သောင်းကျန်းမှုရှိလာရင် သွားရောက်နှိမ်နင်းရပါတယ်။

၆။ ရာထူးတိုးမြှင့်သင့်သူတို့ကို ရာထူးတိုးဖို့ ရွေးနား

mgyoe.com

တော်ကြား တင်သွင်းပေးရတယ်။

၇။ အယူခံတွေကို လက်ခံပြီး ဖြတ်စာဖြတ်ထုံး ပေးရတယ်။

ညနေ ရုံးဆင်းပြီး အိမ်ပြန်ရောက်တဲ့အခါ ဆက်လက်ဆောင်ရွက်ရမယ့် တာဝန်တွေက–

၁။ မင်းညီမင်းသားတွေကို ပြည်ရေးရွာမှု ဆောင်ရွက်ရန် ပေးအပ်ထားတာရှိရင် ဘယ်လိုဆောင်ရွက်တယ်၊ ဘယ်လောက်ပြီးစီးအောင် ဆောင်ရွက်တယ်လို့ စုံစမ်းရတယ်။

၂။ နှစ်စဉ် နှစ်သစ်ကူး၊ ဝါဝင်ဝါထွက် ကန်တော့လက်ဆောင်ပေးပွဲ အခမ်းအနားတွေကို အချိန်အခါမလင့်အောင် နှိုးဆော်ဆောင်ရွက်ရတယ်။

၃။ ကန်တော့လက်ဆောင် ဆက်သသူတွေကို လျော်ကန်သင့်မြတ်တဲ့ ပစ္စည်း ပေးသနားဖို့ စီစဉ်ရမယ်။

၄။ ရဟန်းသံဃာ မထေရ်သူမြတ်တွေကို အခါကြီးနေ့ကြီးတွေမှာ ဘုရင်မင်းမြတ်ရဲ့ လှူဖွယ်ပစ္စည်း ပို့လွှတ်ဖို့ စီစဉ်ရတယ်။

၅။ ဘုရားပွဲ၊ နတ်ပွဲ စတဲ့ ပွဲလမ်းရှိသမျှ တစ်နှစ်လုံးအတွက် အောင်အောင်မြင်မြင် ဖြစ်မြောက်ဖို့ စီစဉ်ရတယ်။

၆။ ဗုဒ္ဓသာသနာဝင်ပိပိ ပေးကမ်းစွန့်ကျဲခြင်း၊ ဝါတွင်းဝါပ သီတင်းသီလ ဆောက်တည်ခြင်း ပြုကြရန် နှိုးဆော်ရတယ်။

၇။ နေ့ လေးဗဟိုရ်၊ ည လေးဗဟိုရ်၊ အချိန်မှန်နာရီတီး မပျက်အောင် ကြပ်မတ်ပေးရန်။

၈။ စော်ဘွား စတဲ့ ပဒေသရာဇ်တစ်ဦးတစ်ယောက်ကွယ်လွန်တဲ့အခါ မပေးမခန့်မီ အုပ်ချုပ်ရေးအရှိန်မပျက် ကူညီအုပ်ချုပ်ပေးရန်။

mgyoe.com

mgyoe.com


၉။ ဘုရင်မင်းမြတ် တိုင်းခန်းလှည့်လည်တဲ့အခါ၊ မြို့တော်တွင်း ထွက်တော်မူတဲ့အခါ ခမ်းကြီးနားကြီးဖြစ်အောင် ကြပ်မတ်ပေးရန်။

၁၀။ ဘုရင့် ဆွေတော်မျိုးတော် မိဖုရားမောင်းမကအစ ကွယ်လွန်ကြလျှင် ဆိုင်ရာဆိုင်ရာ အသုဘအခမ်းအနားခင်းကျင်းသဂြိုဟ်ရန်။

၁၁။ ပြည်တွင်းပြည်ပ ရန်အန္တရာယ်၊ ကျူးကျော်ဝင်ရောက် နှောင့်ယှက်မရှိရအောင် လက်နက်သူရဲတပ်ဖွဲ့စည်းကြပ်ရန်၊ မျိုးရိက္ခာမလုံလောက်လို့ ပြည်သူတို့ထံမှာ အစားအသောက် လုယက်စားသုံးခြင်း၊ အမျိုးသမီးတွေကို ရိုင်းပျစော်ကားခြင်း မရှိရလေအောင် ကွပ်ကဲရန်၊ ပြည်သူအများကလည်း စည်းကမ်းမဖောက်ပဲ ပစ္စည်းဘဏ္ဍာများကို လုယက်ခြင်းမပြုနိုင်အောင် စည်းရုံးဆောင်ရွက်ရန်။

၁၂။ ရိုးရာဓလေ့ ယုံကြည်မှုအတိုင်း ဘာလိနတ်စာပေးခြင်း၊ ပူဇော်ပသခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြဖို့ ဆော်ဩရန်။

၁၃။ ရောဂန္တရကပ် ဆိုက်ရောက်တဲ့အခါ လမ်းဆုံလမ်းခွ လမ်းဝများမှာ ရဟန်းတော်များကို ပင့်ဖိတ်ကာ အန္တရာယ်ကင်း ပရိတ်ရွတ်ဖို့ စီစဉ်ရန်။

၁၄။ မင်းမှုထမ်းတို့ ပြည်သူရွာသားတို့နှင့် ဆက်ဆံရာတွင် မဖွယ်မရာ ပိစီးနှိပ်စက် မလုပ်နိုင်အောင် ထိန်းသိမ်းရန်။

၁၅။ မီးဘေးသင့်တဲ့အခါ၊ ရေဘေးသင့်တဲ့အခါ၊ လူအများ ထိတ်လန့်တကြား မရှိ၊ ဘေးလွတ်ရာ စည်းကမ်းတကျ ထိန်းသိမ်းရွှေ့ပြောင်းပေးရန်။

၁၆။ မြို့ရိုးမြို့ကာ မြို့တံခါးများကို ပြင်ဆင်သင့်ရာ ပြင်ဆင်လျက် လုံခြုံအောင် စီမံရန်။

mgyoe.com

၁၇။ စစ်လေ့ကျင့်ခန်းများ ရုံဖန်ရံခါ ပြုလုပ်ရန်။
၁၈။ အဖိုးများစွာထိုက်တဲ့ တွင်းထွက်ရတနာကျောက်မျက်များ ရရှိခဲ့သော် မထိမ်မဝှက် ဘဏ္ဍာတော်အဖြစ် ဆက်သ၍ ထိုက်သင့်ရာရာ ဘုရင်မင်းမြတ်က အသနား အချီးအမြှင့်ပြုသည်ကို လက်ခံဖို့နှိုးဆော်ရန်၊ အရာတူ ရတနာ ဆင်ကောင်း မြင်းကောင်းများကို ပေးဆပ်ဖို့ ဆော်ဩရန်။

ကလျာ၊ အမှတ် ၂၀၃၊
ဇန်နဝါရီ၊ ၂၀၀၂။

□

mgyoe.com

mgyoe.com

# သူသာသလို အများသူငါလည်း သာတယ် (၁)

အများပြည်သူက မင်းကို အားကိုးတယ်။ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်ကို မထိခိုက်အောင် မင်းက စီမံပေးရမယ်။ ဒီတာဝန်ကို အလေးမထားရင် "ပြည်သူကို ဝမ်းနည်းအောင် ပြုတော်မူလေ့ရှိတယ်"လို့ ပဲခူး (ဗဂိုး)က ငါးဆူဒါယကာမင်း (အေဒီ ၁၅၈၁–၁၅၉၉)ကို မှတ်သားပြောဆိုလေ့ရှိကြတယ်။ (မှန်၊ တတိယ၊ ၁၀၀)။ အာခါရဝိပတ္တိ (အကျင့်ပျက်တယ်)။ ပြည်သူတို့ မကြည်ညိုလို့ "ကြီးကြီးကြပ်ကြပ် အမှုတော်ကို မထမ်း၍ အရေးတော် မပြီးသည်များ"လို့ ပြည်သူတွေ "ကြီးစွာသော ဆင်းရဲသို့ ရောက်ရချေသည်"လို့ မော်ကွန်းတွင်ရစ်မယ်။ ပဲခူးပျက်တဲ့ ခရစ် ၁၅၉၉ ကစပြီး ရှေ့တစ်ဆယ့်ခြောက်နှစ်လုံးလုံး ဆူပူမှုများတယ်။ အောက်မြန်မာနိုင်ငံက လူတွေ ဒုက္ခလွတ်ရာ ရခိုင်ဘက်၊ ယိုးဒယားဘက်မှာ ခေတ္တခိုဝင်ကြရတယ်။ ဒီအခြေအနေကို ထိန်းသိမ်းဖို့ နိုင်ငံကို ပြန်လည်ထူထောင်ဖို့ ညောင်ရမ်းမင်း (သီဟသူရ မဟာဓမ္မရာဇာ ၁၅၉၉–၁၆၀၅)က ကြိုးစားပေမဲ့ ခြောက်နှစ်သာ နန်းစံရလို့ ပြန်လည်ထူထောင်ရေး အလုပ်မပြီးပါ။ အနောက်ဘက်လွန် (မဟာရာဇာ ၁၆၀၅–၁၆၂၈) နန်းရပြီး ဆယ်နှစ်ကျော်ကြာမှ ပြည်ရွာ ငြိမ်းချမ်းသာယာတယ်။ မင်းနဲ့ပြည်သူ ပူးပေါင်းပြီး အနှစ်သုံးဆယ်

mgyoe.com

mgyoe.com


လောက် ကြိုးစားတော့မှ ပြန်ပြီး သာယာအေးချမ်းလာပါတယ်။ အနှစ်သုံးဆယ်လောက် ဆုတ်ယုတ်ပျက်ပြားတာတွေကို အနှစ်သုံးဆယ်နဲ့ ပြန်ကောင်းအောင် လုပ်နိုင်တာကို ချီးကျူးဖို့ ကောင်းပါတယ်။ ခရစ်နှစ် ၁၆၂၉ မှာ မင်းဖြစ်လာသူဟာ ပြည်သူ့ကျေးဇူးကို ရနိုင်ပါ့မလားလို့ စောင့်ကြည့်ကြတယ်။ ခရစ်နှစ် ၁၆၄၈ မှာ အဲဒီမင်း နတ်ရွာစံတဲ့အခါ–

**တိုင်းကားပြည်ရွာ သာလွန်သောကြောင့်လည်းကောင်း၊ ရွှေနန်းတော်ထက်တွင် သာယာစွာ လွန်ရသောကြောင့်လည်းကောင်း၊ သာလွန်မင်းတရားဟု ခေါ်ဝေါ်ရေးသားကြကုန်၏။ (မှန်၊ တတိယ၊ ၂၅၂)**

အဲဒါကို မှတ်တမ်းအတင်ခံရတဲ့မင်းက သီရိသုဓမ္မရာဇာ မဟာဓိပတိ (သာလွန်မင်း ၁၆၂၉–၁၆၄၈) ဖြစ်ပါတယ်။ (မှန်၊ တတိယ၊ ၂၁၇) ပြောတဲ့အတိုင်း ဟုတ်မဟုတ် အဲဒီမင်းရဲ့ အုပ်ချုပ်ပုံကို ခြုံပြီးကြည့်နိုင်ရင် အဖြေထွက်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ၁၇ ရာစုနှစ် ပထမထက်ဝက်ရဲ့ လူမှုစီးပွားရေးသမိုင်းလည်း သိနိုင်မယ်၊ ကိုးကွယ်ယုံကြည်မှုကိုလည်း သိနိုင်ပါမယ်။

မြန်မာနိုင်ငံရဲ့ ၁၇ ရာစုနှစ်ဦးက နယ်နိမိတ်ကို ဖော်ပြလိုပါတယ်။ ခရစ်-၁၅၉၈ ခုက စပြီး အရင် ရတနာပူရကို 'ရွှေဝ'လို့ ပြောင်းလဲခေါ်ဆိုရတဲ့ မြို့တော်ကို ဗဟိုပြုထားတဲ့ မြန်မာနယ်၊ ရှမ်းနယ်၊ ယွန်းနယ်၊ မွန်နယ်တွေဟာ ရွှေဝနိုင်ငံတော် အပါအဝင် ဒေသတွေဖြစ်ပါတယ်။ နယ်နိမိတ်အပိုင်းအခြားက–

**အရှေ့ကိုလားသော် သံတံတား၊ အနောက်ကိုလားသော် ပင်လယ်နား၊ တောင်ကိုလားသော် ယိုးဒယား၊ မြောက်ကို လားသော် ရေပေါ်မီး ငါ့နားကြီး အက္ကပတ် ကသည်းတို့နေရာ (ဇမ္ဗူ၊ ၂၇ မတ် ၁၆၃၇ အမိန့်တော်၊ ၆၃)**

တကယ်ကတော့ အရှေ့ဘက်မှာ နယ်နိမိတ်က ကောင်းဟုန် (ကျိုင်းရုံကြီး)၊ ဇင်းမယ်၊ လင်းဇင်း (ဗိယန်ချန်း)ထိ၊ အနောက်မှာ ရခိုင်ကမ်းရိုးတန်း၊ ဘင်္ဂလားပင်လယ်အော်အထိ၊ တောင်ဘက်မှာ မဒမ ပင်လယ်အော်ကမ်းရိုးတန်း ထားဝယ်၊ တနင်္သာရီနဲ့ ယိုးဒယား၊ မြောက်ဘက် ချင်းဒေသ၊

mgyoe.com

mgyoe.com


ကသည်းနယ်စပ်ထိ ဖြစ်ပါတယ်။ အဆိုသာရှိပြီး ပြောသလောက် တကယ် မကျယ်ဆိုရင်လည်း ဖြစ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ရွှေဝပိုင်နက်မှာ ရခိုင်မပါတာ သေချာပါတယ်။

၁၆၅၀ ပြည့် ရေးထိုးတဲ့ ရာဇမဏိစူဠာ (စစ်ကိုင်းကောင်းမှုတော်) ကျောက်စာမှာ–

၁။ စကုစလင်း လယ်ကိုင်း ဖောင်လင် ကလေ သောင်သွပ် အစဟိသဝ် ပြိုကြီတိုင်၏ တဉ်ရာ သုနာပရန္တတိုင်
၂။ ပုကံ အဝ ပင်ရ မြင်စိုင် အစဟိသဝ် ပြိုကြီတိုဝ်၏ တဉ်ရာ တမ္ပဒီပတိုင်
၃။ သီဗော ညောင်ရွှေ မိုဝ်နဲ အစဟိသဝ် ပြိုကြီတိုဝ်၏ တဉ်ရာ ကမ္ဘောဇတိုင်
၄။ ဗမ် ခွေလုံမ် စန္တာ အစဟိသဝ် ပြိုကြီတိုဝ်၏ တဉ်ရာ ဇိန်တိုင်
၅။ သရေခေတ္တရာ ဥဒေတရစ် ပန်ဆောင် အစဟိသဝ် ပြိုကြီ တိုဝ်၏ တဉ်ရာ သီရိခေတ္တရာမတိုင်
၆။ ကေတုမတီ ဇယဝတီ အစဟိသဝ် ပြိုကြီတိုဝ်၏ တဉ်ရာ ဇယဝတီ အစဟိသဝ် ပြိုတြီတိုဝ်၏ တဉ်ရာ ဇယဂဍ္ဍနတိုင်
၇။ ဟံသာဝတီ ဒီဂုံမ် ဒလ ကုသိမ် မျောင်မြ မုတ္တိမ အစဟိ သဝ် ပြိုကြီတိုဝ်၏ တဉ်ရာ ရာမညတိုင်
၈။ ကျိုင်တုံမ် အစဟိသဝ် ပြိုကြီတိုဝ်၏ တဉ်ရာ ခေမဝရတိုင်
၉။ ဇင်းမယ် ကျိုင်သဉ် အစဟိသဝ် ပြိုကြီတိုဝ်၏ တဉ်ရာ ဟရိပုဥ္စတိုင်
၁၀။ ကျိုင်ရုံမ် မိုင်စဉ် အစဟိသဝ် ပြိုကြီတိုဝ်၏ တဉ်ရာ မဟာနဂရတိုင်

စကိုင်း ကောင်းမှုတော်ကျောက်စာ၊ ၁၆၅၀၊ မျက်နှာဖက် စာကြောင်း ၆၇–၇၁
မှန်၊ တတိယ၊ ၂၃၇

အခုဖော်ပြထားတဲ့ မြန်မာနိုင်ငံဟာ ကနေ့ မြန်မာနိုင်ငံမှာ အနောက်

mgyoe.com

mgyee.com


ဘက်က ရခိုင်မပါ၊ အရှေ့မှာတော့ ဟရိပုဥ္စနဲ့ မဟာနဂရ ပိုလာတယ်။

အပေါ်မှာပြထားတဲ့ တိုင်းနဲ့ပြည်နယ်တွေမှာ–

အင်းကျယ်

ကချင်

ကဒူး

ကရင်

ကသည်း

ကုလား (ဟိန္ဒူ)

ကုလားပျို (ပသီ)

ချင်း

ဂျွမ်း

ဇင်းမယ်

ကရက်

တရုတ်

မွန်

မနု

ပလောင်

ပလေ

ပုဏ္ဏား (ဗြဟ္မဏ),

ဘရင်ဂျီ Feringhi, Harvey 348-9

ယွန်း Lao Shan, Harvey 166

ရခိုင်

လဝ

လူး

လင်းဇင်း

သက်

ရှမ်း (သျှမ်း)

ဒီစာရင်းထဲမှ ကုလားပျိုဆိုတာက ပသီအယူရှိတဲ့ လေးသယ်၊ သွေ

mgyee.com

mgyoe.com
နတ်စွဲ၊ ဘရင်ဂျီက ပေါ်တူကီ (ပူတကေ၊ သေနတ်နဲ့ အမြောက်အမှုထမ်း၊ အဲဒီ နိုင်ငံခြားသားတွေက ကိုယ့်တိုင်းပြည်ပြန်ရင် နေအိမ်ကို ရောင်းချသွားခွင့် မရှိ၊ မြန်မာမယားနဲ့ ကလေးတွေကိုလည်း ခေါ်သွားခွင့်မရပါ။ ဒီလူမျိုးစာရင်းက အမိန့်တော်ထဲက ကောက်လို့ရသမျှသာဖြစ်လို့ တကယ်က ဒါ့ထက် ပိုပြီးများမယ်လို့ ယူဆစရာ ရှိပါတယ်။

မြန်မာနိုင်ငံ လူဦးရေကို ၁၇ ရာစုနှစ် ဘယ်လောက်ရှိမယ်လို့ ခန့်မှန်းနိုင်စရာ အထောက်အထားတစ်ခု ရှိပါတယ်။ လက်နက်ကိုင်စစ်သား တိုးချဲ့ဖို့ ၁၆၃၅ ခုနှစ် ထုတ်ပြန်တဲ့ အမိန့်တော်မှာ ညောင်ရမ်းမင်း ၁၅၉၉–၁၆၀၅ နဲ့ အနောက်ဘက်လွန်မင်း ၁၆၀၅–၁၆၂၈ လက်ထက်တော်တွေမှာ လက်နက်ကိုင်စစ်သည် ၂၀၀,၀၀၀ (နှစ်သိန်း)ပဲ ရှိတယ်။ အဲဒီမင်းတွေရဲ့ အာဏာစက် ပျံ့နှံ့ရာ နယ်နိမိတ် အကျယ်အဝန်းသေးငယ်လို့ အဲဒီလောက် စစ်သည်နဲ့ ကာကွယ်လောက်တယ်။ သာလွန်မင်း (၁၆၂၈–၁၆၄၈) သေနတ် ၁၀၀,၀၀၀ (တစ်သိန်း)၊ အမြောက် ၁၀,၀၀၀ (တစ်သောင်း)၊ လေးသည် ၅,၀၀၀ (ငါးထောင်)၊ ရဲလှေ ၁,၀၀၀ (တစ်ထောင်)၊ ကင်းလောင်း ၅,၀၀၀ (ငါးထောင်)၊ ကာ ၅၀,၀၀၀ (ငါးသောင်း)၊ လှံ ၅၀,၀၀၀ (ငါးသောင်း) အလိုရှိတယ်။ ရအောင်စုလို့ အမိန့်တော်ထုတ်တယ်။

ဒါလောက်များပြားတဲ့ လက်နက်တွေကို စွဲကိုင်ဖို့ စစ်သည် ၄၀၀,၀၀၀ (လေးသိန်း)လိုမယ်လို့ ခန့်မှန်းနိုင်ပါတယ်။ အရင်မင်းတွေထက် အဆနှစ်ဆလောက် တိုးချဲ့လိုတယ်။ လူငါးယောက်ရှိတဲ့ တစ်အိမ်ထောင်က လူတစ်ယောက် စစ်ထဲလိုက်ရမယ်ဆိုတဲ့ အချိုးနဲ့ မှန်းကြည့်ရင် လူဦးရေ နှစ်သန်းလောက် ဖြစ်လာနိုင်စရာ ရှိပါတယ်။ အဲဒီနှစ်သန်းမှာ အများစုက စိုက်ပျိုးရေးသမားဖြစ်တယ်။ မင်းမှုထမ်းမဟုတ်တဲ့ ပြည်သူအများကို 'အသည်'လို့ အလွယ်ခေါ်ပါတယ်။ စစ်ကြောင့် ပြည်ရွာပျက်လို့ လူဦးရေ လျော့နည်းရင် နယ်စပ်ကလူတွေကို ရွှေ့ပြောင်းနေထိုင်ဖို့ ဆွယ်ရတယ်။ အဲဒီသဘောပါတဲ့ အမိန့်တော်တစ်ခုမှာ–

> အညာကလာသည့် ရှမ်းလူ မြင်းရည် ကချင် ကရင် အင်းကျယ်ယောက်ျား မိန်းမတို့ကို တစ်မြို့ကို အသည် ၃၀၀၊ ရွာကို ၁၅၀၊ တိုက်ကို ၁၀၀၊ တိုက်ဝင် ကျေးသိ၊ မြို့ရွာတို့မှာ

mgyoe.com

mgyoe.com


၁၅၀ အပ်တော်မူသည်။ (မင်းသုံးပါး ၁၆၂၈၊ ၁၄၀)

လို့ တွေ့ရပါတယ်။ စစ်ဒဏ်ကို ခဏခဏခံရလို့ လယ်ယာပျက်စီးပြီး စီးပွား ဆုတ်လျော့မယ်။ အသတ်အဖြတ် အညှဉ်းအဆဲများမယ်ဆိုရင်၊ မင်းပြောင်း မင်းလွဲကြုံရင်၊ ပြည်သူတွေ တုန်လှုပ်ချောက်ချားပြီး လုပ်ငန်းဆောင်တာ ကို စွန့်လွှတ်ပြေးပုန်းကြမယ်။ အခု ဒီဒုက္ခမရှိစေရလို့ ၂၃ ဖေဖော်ဝါရီ ၁၆၀၆ မှာ နန်းတက်တဲ့ အနောက်ဘက်လွန်မင်းက အောက်ပါအမိန့်တော် ကို ဆင်နဲ့လည်ပြီး ဖတ်စေတယ်။

> ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ခမည်းတော်ဘုရား အရိုက်အရာတော်ဖြစ်သော ရွှေဝပြည်ကြီး၌ ငါ ရွှေနန်းစံတော်မူသည်။ ရောင်းဝယ်နေထိုင်မြဲ ရောင်းဝယ်နေထိုင်ရမည်။ အထိတ်တလန့် မရှိစေနှင့်။ နေထိုင်ရောင်းဝယ်စေ။ (မင်းသုံးပါး၊ ၁၆၀၅၊ ၁)

လို့ ပြည်သူတွေ စိတ်ချမ်းသာအောင် ပြောကြားပါတယ်။

သာလွန်မင်း (၁၆၂၈–၁၆၄၈)ကလည်း ၁၆၂၉ မှာ ပဲခူးကို အောင်နိုင် တဲ့အခါ ညီတော် မင်းရဲနော်ရထာကို ပြည်ရွာ မထိတ်မလန့်အောင် မောင်း ကြေးနင်း ခတ်စေတယ်။ (မှန်၊ တတိယ၊ ၂၀၀) ဒါပေမဲ့ ၁၆၃၇ ခုနှစ် တရုတ်စစ် ရောက်တဲ့အခါ ခုခံဖို့ပြင်ဆင်တဲ့အခါ စစ်ကြောင်းလွတ်တဲ့ နေရာတွေမှာ အကြောင်းမဲ့ မချောက်ချားရလေအောင်–

> စော်ဘွား မြို့စား တပ်ပေါင်းစားတို့ကိုလည်း မြို့ရွာစီရင်နက် တို့၌ စစ်သည် ရဲမက် မဝင်မထွက်ရအောင် ခန့်ထားစေရမည်။ အထိတ်တလန့် မရှိစေနှင့်။ နေထိုင်ရောင်းဝယ်မြဲ ရောင်းဝယ် စေ၊ ဝန်တို့က စာသင့်အောင်မှာ

လို့ အကျိုးအကြောင်း စုံလင်အောင် စာရေးပြီး အကြောင်းကြားစေတယ်။ စစ်လမ်းကျတဲ့အရပ်မှာတော့ ပြည်သူကို တတ်နိုင်သလောက် သက်ညှာဖို့ ဒီလို အမိန့်တော် ပြန်ပါတယ်။

> မိုးဝန်းမြို့သို့ စစ်အင်္ဂါလေးပါးနှင့် ချီတော်မူရှာပါသည့် မင်း သား၊ ဗိုလ်မှူး၊ တပ်မှူး၊ ဝန်၊ ဝင်းမှူးတို့မှစ၍

mgyoe.com

mgyoe.com


အုပ်စုတပ်ပါ စစ်ကဲ၊ နာခံ၊ တပ်ရေးအရာအကြပ်အကွပ် တို့ကို အုပ်စုသူရဲ သူခက်တို့သည် လမ်းခရီးဆိုင်သင့်ရာ မြို့ရွာတောနေများတွင် ကြက်၊ ဝက်၊ နွား၊ ကျွဲ၊ ဆိတ်တို့မှ စ၍ သူ့အသက်တို့ကို သတ်စားခြင်းမှ ကြဉ်ရှောင်ရမည်။ အရှင်မပေးသော ဥစ္စာကို မလုမယူ မဖျက်ဆီးစေနှင့်။ သမီး ပျို၊ သားပျိုတို့ကို အညှဉ်းအပမ်း မရှိစေနှင့်။ ဥစ္စာကြေးငွေ အဆောင်အရွက်တို့ကို မပျက်မဆီးစေနှင့်။ အိမ်ထောင် ခမ်းနား ယောကျ်ားမိန်းမတို့ကို မသိမ်းမယူစေနှင့်။ လူကို လူချင်း အထိုးအခုတ် အပုတ်အခတ် မရှိစေနှင့်။ ခိုက်ရန် ဒေါသ မောဟ မာန်မာနတို့ကို ချုပ်တည်းစေ။ မင်းရှိန် စိုးရှိန် ကပ်ခို၍ အာဏာထုတ်ပြ တောင်းဆိုသမျှ ဆင်းရဲ သားတို့က မပေးစေနှင့်။ တပ်တော်နှင့် အနီးအဝေး မထွက် သွားစေနှင့်။ ဆင်မြင်းကြောင်းစားသည့် အရာမှာလည်း တပ်တော်နှင့် မဝေး၊ အနီးအပါးတွင်သာ ကြောင်းစားစေ၊ လူ အစောင့်အနေ အကြည့်အရှု မလစ်ဟင်းစေနှင့်။ နောက် တော်လိုက် အစုစု ကျွန်တော်မျိုးတို့တွင် အချင်းချင်း ခိုက် ပွားရန်စစ် မရှိစေနှင့်။ အလော်အလည်ပြိုင်၍ မဆိုစေနှင့်။ အသောင်းအကြမ်း မပြုစေနှင့်။ အပ်ထားသော ဘဏ္ဍာတော် များကို မယိုမ‹ ွင်းစေနှင့်။ လက်နက်ကိရိယာ အပ်တော်မူ သမျှ အပျက်အစီး အကျိုးအပဲ့ မရှိစေနှင့်။ ပေါက်ပြက်ရာ အနာမလွတ်မကင်းရှိသည့် ဘဏ္ဍာတော်များကို ပြ၍ အစီရင် ခံစေ။ မကောင်းလျှင် ပြန်လုပ်ရန် အပ်မြဲအပ် (မင်းသုံးပါး၊ ၁၆၃၇၊ ၁၄၄–၆)

ဒီနေရာမှာ သူရဲတွေနဲ့ အခိုင်းအစေ ပါသွားတဲ့လူတွေ လိုက်နာရမယ့် စည်းကမ်းကောင်းပုံကိုလည်း တစ်ပါတည်း တွေ့ရပါတယ်။ အချုပ်ပြောရ ရင် တပ်ထဲမှာ စည်းကမ်းသေဝပ်ရေးနဲ့ ပြည်သူကို အကြောင်းမဲ့ မညှဉ်းပမ်း ရေးကို မူတည်ကြောင်း ရဲရဲပြောနိုင်ပါတယ်။ ပြည်သူရဲ့မေတ္တာကို ခံယူပုံ ကိုလည်း အောက်မှာဖော်ပြတဲ့ အမိန့်တော်မှာ ကြည့်ပါ။

mgyoe.com

mgyoe.com


အရပ်အကွက်တွင်နေသည့် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်သူ၊ ရှစ်ဆယ်သူတို့ကို ကျောင်းဘုရားသွား၍ ကိုယ်စားတော် တင်လှူပူဇော်စေ ဝန်တို့စီရင်

လို့ အမိန့်တော်ရှိဖူးပါတယ်။ မင်းမှုထမ်းတွေက ပြည်သူကို အမြဲတစေ ဂရုပြုညှာတာဖို့ အထွေထွေ အုပ်ချုပ်ရေး စည်းကမ်းသဘောမျိုးနဲ့ ခရစ်နှစ် ၁၆၃၅ မှာ ထုတ်ပြန်တဲ့ အမိန့်တော်တစ်ခုမှာ–

ကျေးမက်ရွာပြည်စားသည် ကွမ်းပင်ပျိုးသော အတူနေလွတ်အောင် အရွက်ပျိုး၍ အရွက်ရင့်ရာကို ဆွတ်ခူးရောင်းချစားသောက်၍ အသက်မွေးသည့်သဖွယ် ရွာပြည်တွင် ယုံသည့် ကျွန်တို့ကို အမြဲနေစေ၍ ရွာသားပြည်သားကို မင်းကျေးမင်းကျွန် လျှပ်စား အနိုင်မကျင့်ရအောင် တားဆီး၍ ရွာဘုန်း ရွာလပ်ကို စောင့်ကြပ်၍ အစုအစည်းအတိုင်းကို ချောင်းနှောင်းမေးမြန်းစေ၍ ပြုစု၍ ရွာကို ရွာစားမှီ၊ ရွာစားကို ရွာသားမှီ ပြုစုသိမ်းပိုင်၍ စား (မင်းသုံးပါး ၁၆၃၅၊ ၈၀–၈၁)။

ဒီနေရာမှာ 'ကျေးတော်မျိုး အသည်အကာ'တွေ မပင်ပန်းဖို့ အရေးကြီးကြောင်း ထင်ရှားစေပါတယ်။

ကလျာ၊ အမှတ် ၂၀၄၊
ဖေဖော်ဝါရီ၊ ၂၀၀၂။

mgyoe.com

mgyoe.com

# သူသာသလို အများသူငါလည်း သာတယ် (၂)

မြို့ကျေးရွာဆိုတဲ့ စကားအရ ကျေးဟာ မြို့နဲ့ရွာကြားက အစု မြို့နယ်ကိုခေါ်နေတဲ့ ရွာပေါင်းစု ဖြစ်မယ်ထင်ပါတယ်။ နိုင်ငံအုပ်ချုပ်သူဟာ ကျေးကရတဲ့အခွန်ကိုသာ မက်မောပြီး ကျေးကို စည်ပင်အောင် လုပ်မပေးနိုင်ရင် အပစ်မကင်းလို့ ယူဆပါတယ်။

> "ငှက်သည် အသီးရှိခါသာ အပင်ကို နားသကဲ့သို့ အခွန်ခံသာ ရွာကိုသွား၍ ပြန်၍မကြည့်၊ ငှက်ကဲ့သို့ မရှိစေနှင့်၊ စားဟန်တတ်စေ။ ရွာပြည်ကိုမပြု၊ စားရသောက်ရအောင်သာ စီရင်သော် ကွပ်မည်" (မင်းသုံးပါး၊ ၁၆၃၅၊ ၈၁)

မင်းက ကျေးသူကြီးကို ရွာတွေစည်ပင်အောင် မလုပ်နိုင်ရင် သေဒဏ်ပေးတဲ့အထိ အရေးယူမယ်လို့ ရှင်ဘုရင်က အမိန့်တော်ပြန်တာ ဖြစ်ပါတယ်။ အဲဒါအပြင် မင်းမိန့် မင်းအာဏာကို အလွဲသုံးစားလုပ်ပြီး ပြည်သူကိုညှဉ်းဆဲရင်–

> "ပြည်ရေးတိုင်းရေး စသော ဆင်းရဲသားတို့ကို ညှဉ်းပန်းနှိပ်စက်၍ မြို့ရွာတွင် မနေဝံ့ ထွက်သွားသည်များကို ရွှေနားတော်ကြားလျှင် ဝန်တို့ နှစ်ခွန်းချေရမည် မမှတ်နှင့်။ ကြီး

mgyoe.com

mgyoe.com


စွာသော ရာဇဝတ်တော်ကို ခံရလိမ့်မယ်။" (မင်းသုံးပါး၊ ၁၆၃၇၊ ၁၃၆)

မင်းမှုထမ်းတွေဟာ တိုင်းသူပြည်သားအရေးကို ရှေ့တန်းထားပြီး ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ရမယ်။ ဒီလိုမဆောင်ရွက်တဲ့ အပြင် နှိပ်စက်လို့ ရွာကပြေးရတယ်ဆိုရင် အပြစ်ဒဏ်ကြီးကြီးခံရမယ်လို့ ဆိုလိုတယ်။ အရင်ကလို မနှိပ်စက်နဲ့လို့ ပြောတာမျိုးလည်း ဖြစ်နိုင်ပါ တယ်။ မီးအန္တရာယ်ကိုလည်း ကာကွယ်ပေးဖို့လိုတယ်။

"အရပ်အကွက်သားတို့မှာ လူကြီးလူတော်နှင့် အပြည့်အစုံ ရှိသည်။ ခိုးသေးစီးပွား မပေါ်ထွက်ရအောင် ညဥ့်နေ့နိုးဆော် ၍ တစ်အိမ်ကို ချိတ်ချိတ်သော ဝါး ၁၀ စင်း၊ တန်စည် ၅ စင်း တန်သည်။ စိုက်ထောင်၍ အိမ်မိုးမှာလည်း ရေအိုး ရေ ပြည့်တင်စေ၊ ထမင်းဟင်းချက်ပြုတ်သည်မှာလည်း ကျင်းကို စောက်သုံးတောင်တူး၍ ချက်ချိန်ကိုသာချက်စေ။ နံနက် ၄ ချက်တီးကျော် ၃ မောင်းက ချက်ပြုတ်၍ မီးသေငြိမ်းစေ။ ညနေ ၃ ချက်တီးကျော် ၂ မောင်းတွင် လက်မထောင်မှူးတို့ က မောင်းသံပေးလျှင် ထမင်းချက်စေ။ ညနေ ၃ ချက်တီး ကျော်၊ ၇ မောင်းကို မီးသေငြိမ်းစေ။ ချက်ပြုတ်ချိန် မောင်းသံ ပေးသည့် အချိန်တွင်းက လွန်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွား မီးပေါက် မီးပွင့် မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်တို့ အမှိုက် ကြက်မွေးတို့နှင့် စမ်းသပ်စေ။ သေငြိမ်းချိန်ကာလ ဖြစ်လျက် မသေငြိမ်း၊ စမ်းသပ်သည့် အမှိုက်ကြက်မွေးကို စွဲကပ်လောင် လျှင် မီးရှိသည့်အိမ်ရှင်ကို ရှေ့ရုံးမှာအပ်စေ။ လမ်းခရီး၊ လမ်းကူး၊ လမ်းကြား၊ လမ်းကွေ့ပြင်အတွင်း အိမ် များမှာလည်း ဆေးအိုး၊ ဆေးတန်၊ သောက်၍ မသွားမလာ စေနှင့်။ သွားလာသူတို့ကိုတွေ့လျှင် ဆေးအိုး၊ ဆေးတန်ကို လုယူသိမ်းထား၍ အချက် ၁၀၀ ရိုက်၊ မီးဆော်ကို တစ်နေ့ ငါးကြိမ် လှည့်ပတ်စမ်းသပ် စစ်ကြောစေ" (မင်းသုံးပါး၊ ၁၆၃၇၊ ၁၃၁–၂)

mgyoe.com

mgyoe.com

ရှင်ဘုရင်က ရပ်ရွာမှာ မီးကို မလေးမစားသုံးစွဲလို့ မီးလောင်တာမျိုး မရှိရအောင် အထူးဂရုစိုက်စေတယ်။ သူခိုးအန္တရာယ်ကိုလည်း သတိနဲ့ ကာကွယ်စေတယ်။

"ညဉ့်မှုညဉ့်ခင်းမှာလည်း အမှုအခင်းမရှိသည်ကို ညဉ့် တစ်ချက်တီးကျော်လျှင် မီးအိမ် မီးအိုးနှင့် သွားလာစေ။ သူခိုးသူဝှက်တို့ အိမ်ရာ ကျိုကျ ဖောက်ယူတတ်မျိုးသည်ကို သိ၍ ဟစ်ကြော်လျှင် ကြားသမျှ ဝန်းရံဖမ်းဆီးစေ။ ကြားထောက် သိထောက်သင့်လျက် မလာမရောက် မညီမညာနေလျှင် နေသူတို့ကို အချက် ၅၀ ရိုက်" (မင်းသုံးပါး၊ ၁၆၃၇၊ ၁၃၂-၃)

ကျေးရွာတွေမှာ သူစိမ်းလူ အလာနည်းလေ အမှုအခင်းနည်းလေလို့ ယူဆပါတယ်။ ကိုယ့်အစုနဲ့ကိုယ် သန့်သန့်နေကြရတယ်။

"–တစ်စုကသည် တစ်စုသို့ အဝင်အထွက် မရှိစေနှင့်
– ထွက်ဝင်ပေါင်းယှက် မရှိစေနှင့်"

ဒီလိုဆိုရင် ကိုယ့်လူကို ကိုယ်နိုင်အောင် ထိန်းပြီးသား ဖြစ်သွားမယ်လို့ မျှော်လင့်တယ်။ ကြပ်ကြပ်တည်းတည်း ထိန်းနိုင်ရင် မှုခင်း အလွန်နည်းသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကျယ်လို့ ဖြန့်နေမယ်ဆိုပေမဲ့ မျိုးရိုးအဆက် အဘိုးအဘွား ကနေ့ သားမြေးအထိ သိနိုင်အောင် စာရင်းလုပ်ထားကြရတယ်။ (မင်းသုံးပါး ၁၆၃၆၊ ၁၀၈)။ အမိန့်တော်တစ်ခုမှာ တစ်ရွာက နောက်တစ်ရွာကို မသွားရ။ သွားခင်းရှိလို့ သွားရရင်လည်း ဘယ်ရွာကို သွားပြီလို့ အသိအကြားတိုင်တန်းပြီးမှ သွားစေတယ် (မင်းသုံးပါး၊ ၁၆၄၅)။ အကြီးအကြပ်လုပ်တဲ့လူက ဧည့်သည်ရဲ့ဇစ်မြစ်ကို အတိအကျ သိပြီးမှ လက်ခံမယ်လို့ ဆိုလိုပါတယ်။

"ရွာသူကြီး အသည်ကြီးတို့သည် ရွာတွင် မင်းကျေး မင်းကျွန် မင်းသားမင်းမြေး အမှုုးအမတ် ကျွန်ကျောင်းလူ၊ ဘုရားလူ အပေါက်အကျ နေလာသည်ကို မည့်သူလူမျိုး မည်သည့်လူဟူ၍ သိမြင်စေ။ ကောင်းမကောင်းကို ဆုံးမပိုင်စေ။ မင်းမှု ပြည်ရွာမှုကိုလည်း အမှုရှိလျှင် ရုံးစုစီရင်ပိုင်

mgyoe.com

mgyoe.com


စေ။ ရွာတွင် တစ်ရွာနှင့်တစ်ရွာ အကြားတွင် လူပျက် လူသွမ်း လူညစ်တို့သည် သိသော်သာ တွေ့သော်သာ တမုံ့၊ မသိ မတွေ့သော်တို့ကို ဘစာပြုရမည်နည်းဟူ၍ မုဒိမ်း၊ ဓားပြ၊ အလုအယက် တောစွန်အုံနား မရှိစေနှင့်။ သိလျှင် ကြားလျှင် တစ်ရွာလုံးအုံ၍ ရွာစည်းရွာစပ်ကို ရုံး၍ရှာစေ။ မရှာ မလိုက် မရသော် ရွာနေသကြကို တိုင်ကြီး အမြဲထည့်မည်။ ရွာသူကြီး အကြီးပြုသူကို အက္ခရာတိုး၍ ဆင်စာရိတ် ထည့်မည်"(မင်းသုံးပါး၊ ၁၆၃၆၊ ၈၈)

ဒီအမိန့်တော်အရ ပြည်သူနဲ့ အကြီးအကြပ်တွေက စုပေါင်းပြီး ပြည်ရွာ ငြိမ်းချမ်းရေးကို တာဝန်ယူခိုင်းတာ ဖြစ်ပါတယ်။ တာဝန်ယူပုံကိုလည်း သင်ပေးတယ်။ လူဆိုးလူသွမ်းဆိုရင် မိဘမျိုးရိုးနဲ့ ဇာတိ ဇစ်မြစ်ကို သိထားရမယ်လို့ ပြောတယ်။ ဒီလိုသိထားပါမှ အပြစ်ကျူးလွန်တဲ့သူကို အမြန်ဆုံး ဖမ်းမိနိုင်တယ်။ ရွာသူရွာသား အားလုံး ဝိုင်းဖမ်းရမှာ ဖြစ်ပါတယ်။

အကောက်အခွန် ဆိုရာမှာလည်း ပေးမြဲ ကောက်မြဲထက် မပိုစေရပါ။

"ကောက်စိုးဟူသမျှသည် အစဉ်လက်စွဲစာ ရွှေပြည်စိုးတွင် ရှိသည့်စာရင်းအတိုင်းကိုသာ ကောက်ခံစေ၊ လက်စွဲစာရင်း အစဉ်ကိုလွန်၍ လက်စားကြီးလျှင် မည်သသူဟူသရွေ့ မဆိုနှင့်။ ဆေးလယ်တွင်း အပေါင်အလက်ဖျက်၍ ပြစ်"(မင်းသုံးပါး၊ ၁၆၃၅၊ ၇၉)။

ကောက်မြဲအစဉ်ကို စာရင်းလုပ်ထားတယ်ဆိုတော့ စည်းကမ်းနဲ့ ကောက်ရတာ ထင်ရှားပါတယ်။ ထုံးစံထက် ပိုရင် 'ပြည့်ရွာချောက်ချားမယ်'တိုင်းသူပြည်သား ဆင်းရဲမယ်။ 'ပြည်သူကို ဝမ်းနည်းအောင် မပြုအပ်'လို့ ခဏခဏ သာလွန်မင်း (၁၆၂၉–၄၈)က သတိပေးနေတာ ဖြစ်ပါတယ်။ အဲဒါကြောင့် အဲဒီမင်းလက်ထက်က 'ပြည်သူမနွမ်းနယ်'ပါလို့ ပြောကြတာဖြစ်ပါတယ်။

mgyoe.com

ရှင်ဘုရင် ကိုယ်တော်တိုင်က ပြည်သူ့အပေါ်မှာ ဘယ်လိုသဘောထားတယ်ကို သိဖို့လိုပါတယ်။

အမိန့်တော် တမ်းကြီးမှာ–

"ရှစ်ပြည်ထောင်ကို အစိုးရတော်မူသော မြင်သ၍ ရှိသ၍သော လူတို့၏ အရှင်မင်းကြီး မင်းမြတ် အစိုးရခြင်းငါ ဖြစ်တော်မူသည်။ သည်မြင်သ၍ လူသည် မင်းတစ်ယောက်ကိုသာ မှီ၍ဖြစ်သည်။ မင်းမပိုင်သူ ရှိသည်မဟုတ်" (မင်းသုံးပါး၊ ၁၆၃၈၊ ၂၃၃)

အဲဒီလို မင်းက ငါပိုင်တယ်၊ ငါ့ကိုမှီပြီး ချမ်းသာကြစေလို့ ဆန္ဒရှိတယ်။ လူတွေကလည်း ကိုယ့်အဖွဲ့အစည်းနဲ့ "စုရုံးစည်းနှောင် ကြောင်းအရိုး"ရှိတယ်လို့ နားလည်ကြပြီး မင်း၊ ရဟန်း၊ သူကြွယ်၊ သူဆင်းရဲလို့ လေးမျိုးခွဲဝေပိုင်းခြားတဲ့ အပြင် မင်းမှုထမ်းမှာ အစု အဝန်း ပိုင်းခြားပြီး ထိန်းသိမ်းပေးပါတယ်။

"စစ်သည် အင်္ဂါဝယ်လည်း တစ်ကျိပ်ကို ခေါင်း တစ်ယောက်၊ ခေါင်းတစ်ကျိပ်ကို စစ်ကဲတစ်ယောက်၊ စစ်ကဲတစ်ကျိပ်ကို ဗိုလ်မှူးတစ်ယောက်၊ ဗိုလ်မှူးတစ်ကျိပ်ကို စစ်သူကြီး တစ်ယောက်၊ စစ်သူကြီးတစ်ကျိပ်ကို မင်းတစ်ယောက်ချုပ်၏။ ရဲရင့်စွန့်စား မြဲမြံတည်ကြည်သော သူရဲတစ်ကျိပ်ကသက်၍ မင်းတစ်ယောက်ဝယ် စစ်သည်သူရဲပေါင်းသည် တစ်သိန်းဖြစ်၏။"

အဲဒီလို ထိန်းထားပြီး ရှင်ဘုရင်က သူ့ကိုယ်သူ ဥယျာဉ်မှူး၊ ပြည်ရွာက ဥယျာဉ်နဲ့တူတယ်လို့ မိန့်တော်မူပါတယ်။

"ပျိုးသည့်၊ စိုက်သည့်၊ ပြင်သည့်၊ လုပ်သည့် ဥယျာဉ်သဖွယ် ဖြစ်၏။ ငါ့တွင်မူကား မသန်သည်ကို သန်အောင်၊ မပွင့်သည်ကို ပွင့်အောင်၊ မသီးသည်ကို သီးအောင်၊ မစည်သည်ကို စည်အောင်၊ မပွားသည်ကို ပွားအောင်၊ အစွတ်သင့်သည်ကို အစွတ်နှင့်၊ အခြောက်သင့်သည်ကို အခြောက်နှင့်၊

mgyoe.com

ခါးသည့်အပင်ကို မသက်ရအောင်၊ ချိုသည့်အပင်ကို မပျက်ရအောင်၊ အမြစ်ရှက်၍ ဩဇာပျက်သည်၊ ပေါ့သည်များကို အမြစ်အပင် မရှက်ရအောင် တတ်လှသော ဉယျာဉ်သည် သုတ်သင်သိမ်းပိုက် စိုက်ပျိုးပြုစုသကဲ့သို့ သာသနာတော် စီးပွား၊ ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ စီးပွား၊ မိမိ ပြည်နိုင်ငံ၌ရှိသော လူအပေါင်းတို့ကို ကတိတည်စွာ ငယ်သ သူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူ ကိုလည်း ချမ်းသာစွာ သေရအောင်"

ရှင်ဘုရင်က သူ့တာဝန်ယူပြီး လုပ်ဆောင်ပေးမယ်လို့ ကတိပြုပါတယ်။ ပြည်သူ့ဘဝကို သက်သာအောင် အစွမ်းကုန် ကူညီဖြည့်စွက်တာ ဖြစ်ပါတယ်။ အပြောသက်သက် မဟုတ်၊ အမှန်တကယ် သက်သာချောင်ချိ အောင် ဆောင်ရွက်တာ ဖြစ်ပါတယ်။

သာသနာတော် ပြည်သူလူရဟန်း စီးပွားကို ဆောင်ပေးသည့် မြင်သ၍သော ဗိုလ်ပါအပေါင်းနှင့် ရထားထိန်းလှည်းနှင့်သဖွယ် သတ္တဝါ အပေါင်းတို့ကို ဆောင်စေသင့်သည်မဟုတ်လောဟု မိမိကိုယ်ကို လိမ္မာလျှင် ကျွမ်းကျင်သော ရထားထိန်းဟု သဘောထား၍ ပြည်သူလူရဟန်း၏ အစီးအပွားကို ဆောင်ပေအံ့ဟု နှလုံးထား၏။

အဲဒါတွေဟာ ရှင်ဘုရင်က သူ့တာဝန်ဖြစ်တယ်လို့ ခွဲခြမ်းစိတ်ဖြာပြီး တာဝန်ယူတာဖြစ်ပါတယ်။ မင်းကျင့်တရား ဆယ်ပါးကို လက်တွေ့ ဘယ်လို ဆောင်ရွက်ရမလဲဆိုတာကို အရှင်းဆုံး ဉယျာဉ်မှူးဉပမာနဲ့ ဖော်ပြချက် ဖြစ်ပါတယ်။

ကလျာ၊ အမှတ် ၂၀၅၊
မတ်၊ ၂၀၀၂။

□

mgyoe.com

mgyoe.com

# သူသာသလို အများသူငါလည်း သာတယ် (၃)

ရှင်ဘုရင်ဟာ အင်မတန် ကျွမ်းကျင်တဲ့ ယာဉ်မောင်းနဲ့ တူရမယ်။ တောတောင် လျှိုမြောင်တွေကို ခက်ခက်ခဲခဲ ဖြတ်သန်းမောင်းနှင်ပြီး ခရီးသည်ကို စည်ပင်သာယာ ဝပြောတဲ့ နေရာ အရောက်ပို့ပေးရမှာ ဖြစ်ပါတယ်။ တိုင်းပြည်မှာ လူဦးရေ တိုးပွားဖို့ကိုလည်း သတိပြုရမယ်။ ကျေးရွာအကြီးအကဲတွေဟာ အသက်လေးဆယ်ကျော်တဲ့ အပျိုကြီးကိုတွေ့ရင် သင့်တော်မဲ့အိမ်ထောင်ဘက်ကို ရှာပေးရမယ်။ ရွာသူကြီးတိုင်း သိရှိထားရမဲ့ အချက်က–

အိမ်ထောင်ပြုပြီး ရွာသူရွာသားစာရင်းကို သိရမယ်၊ အိမ်ထောင်ဘက် မရသေးသူရဲ့စာရင်း၊ အရွယ်ရောက်ပြီး အိမ်ထောင်ပြုချိန်တန်ပြီလို့ ဆိုရတဲ့ ကျားမစာရင်း၊ ကျားငယ်ရဲ့ အသက်ကိုစစ်ပါ၊ ဝန်ထမ်းနိုင်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အစုအသင်း တစ်ခုခုမှာ တွဲဖက်ပြီး အမှုထမ်းခိုင်းပါ။ မ,ငယ် အရွယ်ရောက်ရင် သင့်တော်သူနဲ့ လက်ထပ်ဖို့ ဖျောင်းဖျပြောဆိုပါ။ မိဘက ဝင်ရောက်တားဆီးတာမျိုး မရှိစေနဲ့။ တစ်စုံတစ်ရာ အန္တရာယ်မတွေ့မီ လက်ထပ်ပေးသင့်တယ်။

mgyoe.com

mgyoe.com

ဒီလိုအမိန့်တော်တွေဟာ လူဦးရေတိုးဖို့၊ လူများမှ ကာကွယ်ရေး အားရှိမယ်၊ ကုန်ပစ္စည်းထုတ်လုပ်ရေးမှာ တိုးပွားမယ်။ ရှင်ဘုရင်အနေနဲ့ ဒီကိစ္စနှစ်မျိုးလုံးကို အားပေးကူညီရမယ်။ အမိန့်တော်ထားလို့သာ လိုက်နာရတယ် ဆိုတာမျိုးကိုလည်း မနှစ်သက်ပါ။ အများအကျိုးကို ရည်ရွယ်ပြီး ထုတ်ပြန်တဲ့အမိန့်ဖြစ်တယ်လို့ အသိစိတ် ရှိစေချင်တယ်။ အမိန့်တော်ကို လိုက်နာရမယ်။

**ထိုကြပ်မတတ်တဲ့ အရာရှိကလည်း တန်ခိုးအာဏာနဲ့ အတင်းခိုင်းတာမျိုး မဖြစ်စေရ။ အတင်းခိုင်းတယ်ဆိုတာနဲ့ တစ်ခါတည်း စေတနာ မေတ္တာ ခမ်းခြောက်သွားနိုင်တယ်။**

ရှင်ဘုရင် ထီးနန်းရစက 'ရဟန်းခံခွင့်မပေး'လို့ အမိန့်ထုတ်ဖူးတယ်။ စစ်တွေ အကြိမ်ကြိမ်တိုက်ခဲ့ရလို့ နိုင်ငံမှာ အားနည်းနေတယ်။ နိုင်ငံကို ပြန်လည်တည်ဆောက်ဖို့၊ နိုင်ငံမှာ လူအစုလိုက် ဆိုင်ရာဆိုင်ရာမှာ ပြန်လည် နေထိုင်ဖို့လိုတယ်။ အမှုကိုရှောင်ရှားလိုလို့ ရဟန်းဝတ်တယ်ဆိုတာမျိုး မဖြစ်သင့်ပါ။ ဒီအမိန့်တော်ဟာ သာသနာရဲ့အကျိုးစီးပွားကို ထိခိုက်အောင် ထုတ်တဲ့ အမိန့်တော်မဟုတ်ဘူးလို့ တိုင်းသူပြည်သားတွေ သဘောပေါက်အောင် ဟောပြောရှင်းလင်းစေချင်တယ်။ (မင်းသုံးပါး ၁၀၀၀ ပြည့်နှစ်၊ ၂၃၃–၂၅၅) အမှန်ကိုပြောရရင် သာလွန်မင်းတရားဟာ တိုင်းသူပြည်သား နစ်နာအောင် ဘာတစ်ခုမှ မလုပ်မိအောင် သတိထားတယ်။

တရားရုံးတော်ကို အမှုအခင်းရောက်ရင်လည်း ဖျန်ဖြေပေးလေ့ရှိတယ်။ မြန်မာတရားဓလေ့မှာ နှစ်ဖက်ကျေနပ်အောင် လုပ်ပေးတဲ့အခါ တရားသူကြီးက တောင်ခံ့သူမတ်လို့ ခေါ်တယ်။ ဘုရင့်အမိန့်တော်နဲ့ ခန့်ထားတဲ့ တရားသူကြီးရှိသလို အမှုရှင်တွေ ကျေနပ်လို့ရွေးတဲ့ တရားသူကြီးလည်း ရှိပါတယ်။ တောင်ဖီလာဆရာတော်က ၁၆၂၉ မှာ တရားမကျင့်ထုံးကို ရေးတယ်။ အဲဒါနဲ့ တစ်ခေတ်ထဲမှာ ကိုင်းစားမနုကလည်း <u>မနုသာရရွှေမျဉ်းဓမ္မသတ်</u> ကိုလည်း ရေးတယ်။ တရားစရိတ်ကို သတ်မှတ်ပုံကလည်း အင်မတန် ချီးမွမ်းထိုက်တယ်။ အမှုတန်ဖိုးထက် တရားစရိတ်က မပိုရဘူးလို့ ပိုင်းဖြတ်ပြီး ဖြစ်တယ်။ (မင်းသုံးပါး ၉၉၈ ခု၊ ၁၀၅)။ တရားရုံးစရိတ်ကို ကွမ်းဖိုးလို့ ခေါ်တယ်။ ငွေလိုချင်လို့ တရားကို လက်ခံ

mgyoe.com

mgyoe.com
တာမျိုး မဖြစ်စေရဘူး။ မျှတညီညွတ်စေလိုလို့ အမှုကို လက်ခံတာပဲဖြစ်ရမယ်။ အမှုအခင်း နည်းပါးယုတ်လျော့စေရမယ်ဆိုတဲ့ သဘောထားရှိရမယ်။ တရားသူကြီးက ညှိနှိုင်းဆွေးနွေးပြီး ဖျန်ဖြေလိုက်တယ်ဆိုရင် တရားလိုတရားခံဟာ မိတ်ဆွေ ပြန်ပြီး ဖြစ်နိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်ကို ထားတယ်။ တရားသူကြီးကလည်း ညီညွတ်အောင်လုပ်လိုတဲ့ စိတ်ကို ရှေ့တန်းထားပြီး ဆောင်ရွက်တယ်။

တရားရုံးတော်ရဲ့စည်းကမ်းကို မသိနိုင်လို့ ရှေ့နေကို ငှားရတယ်။ ရှေ့နေကလည်း အမှုသွားအမှုလာကို ကြည့်ပြီး တရားဖြောင့်မတ်ဖို့ မကြိုးစားဘဲ ကိုယ့်အမှုသည် နိုင်ဖို့ကိုသာ ဉာဏ်ရှိသလောက် စကားတတ်သလောက် ပြောကြလို့ ရှင်ဘုရင်က အမိန့်တော်ထုတ်ပြန်ပြီး သတိပေးရတယ်။

> ရှေ့နေဟာ ရှေ့နေခကိုသာ မက်တယ်၊ ခမည်းတော်ဘုရားက ဒါကိုမြင်လို့ သူတို့ကို ဟန့်တားသတိပေးတဲ့ အမိန့်တော်တစ်ရပ် ထုတ်ခဲ့ဖူးတယ်။ ဒီအမိန့်တော်ကို အခု ငါ့လက်ထက်မှာလည်း တည်စေ။ ရှေ့နေတိုင်း ခေါင်းပေါင်းချွန်ချွန် ပေါင်းစေ။ လွယ်အိတ်ကိုလွယ်၊ မြေခွက်နဲ့ အရိုးပါယပ်ကို ကိုင်စွဲစေ၊ ရှေ့နေခ အမှုတစ်ခုမှာ ကြေး ၃၇ ကျပ်ခွဲသာ ယူစေ။ ပိုမိုတောင်းခံယူငင်ရင် ဒဏ်ပေးစေ။ အယူခံခွင့်မရှိ။ နေ့စဉ်မုသားပြောနေကြလို့ သူတို့ကိုယ်သူတို့ ယုတ်ညံ့အောင် လုပ်နေကြတယ်။ သူတို့ကို ဒါကြောင့် မြို့တော်ပြင်ဘက်မှာ ရပ်ကွက်သီးခြားမှာပဲ နေစေ။ သီးသန့်ထားစေ (မင်းသုံးပါး၊ ၉၆၉ ခု၊ ၃)။

ကြေးတစ်ပိဿာကို ငွေတစ်ကျပ်သာ တန်ဖိုးရှိလို့ ရှေ့နေခဟာ ငွေလေးကျပ်လောက်ပဲ ပေးရပါတယ်။ ဒါပေမဲ့ ရှေ့နေက စကားတတ်လို့ တရားသူကြီးအပါအဝင် လူတော်တော်များများကို လှည့်စားနိုင်တယ် (မင်းသုံးပါး၊ ၉၉၈ ခု၊ ၁၀၅)။ အပြောအဆို လည်ပတ်တော့ ရုံးတော်မှာလည်း ရသင့်ရထိုက်တဲ့ ပစ္စည်းကို မရအောင်လုပ်နိုင်သူတွေပါ။ ဒါကြောင့် ရှေ့နေလျှောက်လဲချက်ပေးနေခိုက်ပဲ လှည့်စားနိုင်တဲ့လူဆိုပြီး ဆက်မပြောနဲ့လို့

mgyoe.com

mgyoe.com

တရားသူကြီးက တားပိုင်ခွင့်ရှိပါတယ်။ တရားသူကြီးက ရှေ့နေကို ရုံးတော်ကို မထေမဲ့မြင်ပြုမှုနဲ့ ကြိမ်ဒဏ် ၁၀၀ အထိ ပေးနိုင်ခွင့်ရှိတယ်။ ပြီးတော့ ရှေ့နေရဲ့သျှောင်ကိုဆွဲပြီး ရုံးတော်က ဆွဲထုတ်ခွင့်ရှိတယ် (မင်းသုံးပါး၊ ၁၆၃၆၊ ၁၀၇)။ ရှေ့နေက ဒီအမှုကို ကမ္ဘာလေးရပ်ချပါလို့ မလိုအပ်ဘဲ ပြောရင်လည်း တားရမယ်။ ဘာပြုလို့လဲဆိုရင် မျက်မြင်သက်သေမရှိ၊ အထောက်အထားမပြတဲ့အခါမှ ကမ္ဘာလေးရပ်ချရတယ် (မင်းသုံးပါး၊ ၁၆၃၉၊ ၂၉၇)။ ရုံးတော်ကို မထေမဲ့မြင်လုပ်ရင် ကြိမ်ဒဏ် ၁၀၀ ပေးမယ် (မင်းသုံးပါး၊ ၁၆၃၇၊ ၁၂၉)။ ဒါပေမဲ့ ရှေ့နေရဲ့ ကောင်းတဲ့အရည်အချင်းကိုလည်း အသိအမှတ်ပြုရပါတယ်။ တချို့အမှုဆိုရင် သူတို့က အမှုသွားအမှုလာကို နားထောင်ပြီး တရားသူကြီးကို လမ်းမှန်အောင် ညွှန်နိုင်ပါတယ်။ ဒါလောက်နဲ့ပဲ ရှေ့နေဟာ လူမျိုး နိုင်ငံနဲ့ သာသနာရဲ့ကောင်းကျိုးကို လုပ်နိုင်သူတွေလို့ အသိအမှတ်ပြုတာ ဖြစ်ပါတယ်။ (မင်းသုံးပါး၊ ၁၆၃၅၊ ၄၆)။

အခုခေတ် တရားမမှု၊ ရာဇဝတ်မှု၊ ခွဲပုံမျိုးနဲ့ ရှေးခေတ် ခွဲပုံချင်းလုံးဝမတူပါ။ ကတိမတည်မှု၊ ဆဲရေးတိုင်းထွာမှု၊ မုဒိမ်းမှု၊ လက်ရောက်ကျူးလွန်မှု၊ လင်မယားကွာရှင်းမှု၊ အမွေမှုတွေဟာ ရှေးခေတ် တရားမမှုဖြစ်ပါတယ်။ ရှင်ဘုရင် အမျက်တော်ရှရင်၊ အမိန့်တော်ကို မထေမဲ့မြင်ပြုရင်၊ ရှင်ဘုရင်ကို လုပ်ကြံဖို့ အားထုတ်ရင်၊ နိုင်ငံတော်အကျိုး ပျက်စီးရာပျက်စီးကြောင်းလုပ်ရင် ရာဇဝတ်မှုဖြစ်ပါတယ်။ ဥပမာ မြို့တံခါးမှာ အင်းကွက်ချတဲ့အခါ မြို့ကို မကောင်းဆိုးဝါး မဝင်နိုင်အောင်၊ ရောဂါဆိုး မကျရောက်အောင် ကာကွယ်တာဖြစ်ပါတယ်။ အဲဒီအင်းကွက်ချတဲ့အခါ မှားရင် ရာဇဝတ်မှုဖြစ်ပါတယ်။ (မင်းသုံးပါး၊ ၁၆၃၅၊ ၄၆)။ အမှုုးအမတ် အရာရှိတစ်တွေဟာ သူတို့ရာထူးအလိုက် ပေးထားတဲ့ အစီးအနင်းအဆောင်အရွက်ကို အကျအန မှန်မှန်ကန်ကန် မသုံးရင် ရာဇဝတ်မှုဖြစ်ပါတယ်။ (မင်းသုံးပါး၊ ၁၆၃၈၊ ၂၂၇)။ ကိုယ့်ရာထူးထက် တစ်ဆင့်မြင့်တဲ့ အဆောင်အရွက်ကို သုံးမိရင်လည်း ရာဇဝတ်မှုပဲ ဖြစ်ပါတယ်။ (မင်းသုံးပါး၊ ၁၆၃၈၊ ၂၃၁–၃)၊ ကိုယ့်ဆိုင်ရာ အစီးအနင်းကို ဖြစ်ကတတ်ဆန်း သုံးရင်လည်း အပြစ်ရောက်ပါတယ်။ (မင်းသုံးပါး၊ ၁၆၃၈၊ ၂၂၃)။ အပြစ်ဖြစ်လာရင် အနည်းဆုံး

mgyoe.com

mgyoe.com
ကြိမ်ဒဏ် ၁၀၀၊ ရာထူးက ထုတ်ပယ်တာကိုလည်း ခံရတတ်တယ်။ တိုင်ထမ်း၊ ဆင်စာရိတ်ဆိုတဲ့ အင်မတန်ပင်ပန်းတဲ့ အလုပ်ကိုလည်း ခိုင်းမယ်။

သတ်စေလို့ အမိန့်တော်မြွက်ချရင် တံကျင်ကို လျှိုပြီးသတ်တာများတယ်။ ကျူးလွန်တဲ့အပြစ် ကြီးပြီဆိုရင် ကားစင်တင်ပြီး လူအများမြင်နိုင်တဲ့ အရပ်မှာ အပေါင်အလက်ဖဲ့၊ ငှက်စာ ခွေးစာ ကျွေးပစ်ခံရမယ်။ (မင်းသုံးပါး၊ ၁၆၃၅၊ ၇၉)။ ဒီလိုဒဏ်မျိုးကို 'မကောင်းသဖြင့်စီရင်'တယ်လို့ ပြောလေ့ရှိပါတယ်။

ရာထူးခန့်တဲ့အခါ ဘုရင့်အမိန့်နဲ့ပဲ ခန့်ရပါတယ်။ ကျေးရွာအတွက် သူကြီးရာထူးဆိုရင် အချက်သုံးချက်ညီမှ ရွေးကောက်ခန့်ထားတာကို ခံရပါတယ်။ ပထမအချက်က အရိုးအစဉ် မှန်ရမယ်။ ဒုတိယအချက်က လူအများလည်း ကြိုက်နှစ်သက်ရမယ်။ တတိယအချက်မှ သူ့အထက်က လူကြီးကလည်း ထောက်ခံကျေနပ်ရမယ်။ ဝန်ထမ်းဆိုရင် အဆင့်ငါးဆင့်ထားပါတယ်။

၁။ ငယ်သား

၂။ အကဲ

၃။ အကြီး

၄။ အကြပ်

၅။ အမှူး

၆။ အချုပ်

အခုလို အဆင့်ဆင့်ရှိတာမှာ ဝန်ထမ်းသုံးမျိုးကို ခွဲရပြန်တယ်။ ဝန်ထမ်းကတော့ သုံးမျိုးလောက်ပဲ ခွဲတယ်။

**၁။ နန်းတော်အမှုထမ်း**

**၂။ ပြည်သူ့ဝန်ထမ်း**

**၃။ စစ်လက်နက်အမှုထမ်း**

နန်းတွင်အညစ်အကြေး သန့်စင်ရတဲ့လူတွေကို အနောက်ဝန်က အုပ်ချုပ်ရတယ်။ (မင်းသုံးပါး၊ ၁၆၃၅၊ ၅၈–၉)။ လုပ်ငန်းတာဝန်အလိုက် ခွဲခြားပြောရရင်–

ကဝါသည်
mgyoe.com

mgyoe.com


ကြေးပန်းထိမ်
ကြိုးကျစ်သူ
ချည်ငင်သူ
ငှက်ခက်သမား
စဖိုဝန်ထမ်း
ဆေးဆိုးသူ/အထည်
ဆံသောင်းသူ
ထီးလုပ်သူ
ထင်းခွေသူ
နနွင်းထောင်းသူ
နွားထိန်း
နွားနို့သည်
နို့ထိန်း
ပြည့်တန်ဆာ
ဗေဒင်လက္ခဏာဆရာ
ရေသည်
ရေအိမ်ဆေးသူ
ရက်ကန်းသည်
သန်လျင်ထမ်း
အမွှေးအထုံလုပ်သူ
အလေးအပင်ထမ်းသူ

တွင်းသင်းတိုက်ဝန် (မင်းခုနစ်ပါး ၅၃)က နန်းတွင် စဖိုဆောင်က လိုသမျှ ဟင်းသီးဟင်းရွက်နဲ့ အခြောက်အခြမ်းကို ဝယ်ယူပေးသွင်းရပါတယ်။

နန်းတော်ထဲမှာ ဖျော်ဖြေသူကိုးမျိုး ရှိပါတယ်။ (သဘင်တော်ကိုးစု၊ မင်းခုနစ်ပါး၊ ၅၂)။ သူတို့အပြင် ကသည်း၊ တရုတ်၊ ဓနုတ်၊ ယိုးဒယား၊ ယွန်း၊ ရခိုင်၊ ရှမ်း၊ သက် စတဲ့ ဖျော်ဖြေသူ ဝိုင်းတော်သားတွေရှိတယ်။ (မင်းခုနစ်ပါး၊ ၁၆၆)။ ဖျော်ဖြေသူတွေထဲက အကောက်ခံရသူတွေလည်း

mgyoe.com

mgyoe.com


ရှိပါတယ်။ ဒီလိုကောက်ယူတဲ့ မိန်းကလေးတွေက မွေးတဲ့ကလေးကို မင်းညီ မင်းသားစာရင်း မသွင်းပါ။ အဲဒီကလေးတွေ အရွယ်ရောက်ရင် တခြား ဝန်ထမ်းထဲမှာလည်း ထည့်သွင်းခွင့်မပေးပါ။ နန်းတွင်းဖျော်ဖြေရေးမှာပဲ ဆက်ပြီးအမှုထမ်းကြရပါတယ်။ (မင်းသုံးပါး ၇၄)။ ဖျော်ဖြေသူ အချင်းချင်း အိမ်ထောင်ကျတဲ့အခါ သားယောကျာ်းမွေးရင် ကျွမ်းသမား၊ မိန်းကလေးမွေး ရင် မိဖုရားစည်တီးမှာ အမှုထမ်းရတယ်။

နန်းတော်သစ်ကို ၁၆၃၅ က ဆောက်ပြီးတဲ့အခါ ပွဲလမ်းသဘင် အများကြီး တည်ခင်းရပါတယ်။ အမိန့်တော်တော်တစ်ခုမှာ–

> မြန်မာဆိုင်း၊ မြန်မာအက၊ မွန်ဆိုင်း၊ မွန်အကတို့မှာ ပလာ မကရ။ စုလည်ထုံး၊ ရွှေကုံးဆင်၍ ကရမည် (မင်းသုံးပါး၊ ၁၆၃၅၊ ၅၂)။

လို့ တွေ့ရပါတယ်။ ဒီတစ်ကြိမ်သာ အမိန့်တော်အထူးထားတာဖြစ်လို့ ခါတိုင်းကတဲ့အခါ ပလာကတယ်လို့ပဲ မှတ်ယူဖို့ဖြစ်ပါတယ်။

ကလျာ၊ အမှတ် ၂၀၆၊
ဧပြီ၊ ၂၀၀၂။

❐

mgyoe.com

mgyoe.com

# သူသာသလို
# အများသူငါလည်း သာတယ် (၄)

အစုအမှုထမ်းတွေနဲ့ ပတ်သက်ပြီး မှတ်သားစရာ အချက်တွေ အများကြီး ရှိပါသေးတယ်။ (၁) အစုသားအတွက် စားမြေ၊ နေမြေ ချပေးထားတယ်။ (မင်းသုံးပါး၊ ၁၆၃၅၊ ၇၀–၁။ ဗမ္ဘူ ၁၅၉၇၊ ၆၄)၊ (၂) အစုတစ်စုက လူဟာ အခြားအစုမှာ သွားပြီးရောနှောနေခွင့် မရှိ၊ အမှုထမ်းခွင့် မရှိ (မင်းသုံးပါး၊ ၁၆၃၈၊ ၂၁၈)၊ (၃) အစုတွေဟာ အဆင့်အတန်းနည်းနည်းစီ ကွာတဲ့အတွက် နိမ့်တဲ့အစုကလူက မြင့်တဲ့အစုကို ကိုယ့်ဘာသာ ပြောင်းသွားခွင့် မရှိ (မင်းသုံးပါး၊ ၁၆၃၅၊ ၇၄)၊ (၄) ရွာတစ်ရွာက ရွာသားကိုလည်း တခြားရွာတစ်ရွာကို ရွှေ့ပြီး နေခွင့်မပေး (မင်းသုံးပါး၊ ၁၆၄၅၊ ၃၄၈)၊ (၅) မင်းမှု ထမ်းရွက်စရာ မရှိတဲ့အခါ အစုသားတွေဟာ လယ်ယာလုပ်ကြရတယ်၊ အရောင်းအဝယ်လုပ်နိုင်တယ် (မင်းသုံးပါး၊ ၁၆၃၆၊ ၉၆)၊ (၆) စိုက်ပျိုးချိန် မကုန်မချင်း ရွာက ထွက်ခွာမသွားရ (မင်းခုနစ်ပါး၊ ၁၁၄)၊ (၇) မိမိထမ်းဆောင်ရမယ့် တာဝန်မှာ မကျွမ်းကျင်သေးရင် ကျွမ်းကျင်အောင် လေ့ကျင့်ရတယ် (မင်းသုံးပါး၊ ၁၆၃၈၊ ၂၁၀–၁၆)၊ (၈) နှစ်စဉ် ကျားမ အတိုးအပွား သေပျက် တိမ်းရှောင် ထွက်ပြေး ရဟန်းပြု အိုမင်းမစွမ်းတွေ ဘယ်လောက်ရှိတယ်ဆိုတာ စာရင်းလုပ်ပေးရမယ် (မင်းသုံးပါး၊ ၁၆၃၅၊

mgyoe.com

mgyoe.com


၆၃–၄)။

အစုအဝန်းထဲမှာ နေရတဲ့အမှုထမ်းတွေက သူနာကြည့် (မင်းသုံးပါး၊ ၁၆၃၈၊ ၁၂၉)၊ ဆေးဆရာ (မင်းသုံးပါး၊ ၁၆၃၇၊ ၃၇၄)၊ မန္တန်ဆရာ (မင်းသုံးပါး၊ ၁၆၃၇၊ ၁၃၇–၈)၊ ပန်းချီဆရာ (မင်းသုံးပါး၊ ၁၆၃၈၊ ၃၇၅)တွေ ဖြစ်ပါတယ်။ အဲဒီမှာ သူနာကြည့်နဲ့ ဆေးဆရာကို တွဲဖက်ပေးသလို မန္တန်ဆရာနဲ့ ပန်းချီဆရာက တစ်တွဲဖြစ်ပါတယ်။ မန္တန်ဆရာက ရောဂါကင်းအောင်၊ စစ်နိုင်အောင် အစီအရင်ပြုရသလို ပန်းချီဆရာက အင်းရေး၊ အရုပ်ရေး လုပ်ရပါတယ်။ စစ်ချီတဲ့အခါ ဗိုလ်တစ်ဗိုလ်မှာ မန္တန်ဆရာ တစ်ဦး လိုက်ရပါတယ် (မင်းသုံးပါး၊ ၁၆၃၈၊ ၃၇၅)။

ပြည်သူအများမှာ ရန်အန္တရာယ်ကင်းအောင် လောကီအစီအရင် လုပ်ပေးရတယ်လို့ ပြဋ္ဌာန်းချက်ရှိတယ်။ ပန်းချီဆရာက မြို့တော်အဝင် တံခါးမုခ်ဦး ပြအိုးတွေရဲ့ မျက်နှာကျက်မှာ ပိတ်ကားကပ်ပြီး (၁) မြတ်စွာဘုရား မာရ်စစ်သည်ကို အောင်နိုင်ပုံ၊ (၂) မီးကြီးဘေးက လွတ်သွားတဲ့ ဘုရားလောင်း ငုံးမင်းပုံ၊ (၃) မီးပုံထဲကို ခုန်ဆင်းတာတောင် မီးမလောင်တဲ့ ဘုရားလောင်းယုန်မင်းပုံ၊ (၄) ဘီလူးစောင့်တဲ့ ရေကန်ကရေကို ဘုရားလောင်းမျောက်မင်းနဲ့ အခြွေအရံမျောက်တွေ ကျူရိုးနဲ့ ရေကိုစုပ်ယူပြီး ရေသောက်ကြပုံတွေကို ရေးဆွဲရပါတယ် (မင်းသုံးပါး၊ ၁၆၃၅)။ စိတ်ဝင်စားစရာ မှတ်သားစရာကောင်းတဲ့ လောကီအစီအရင်တွေကတော့ နန်းသိမ်းပွဲ လုပ်တဲ့အခါ ရေပြည့်အိုးနဲ့ ကိုယ်ဝန်ဆောင်မိန်းမကို နန်းတော်ရဲ့အဆောင်တိုင်းမှာ ထားတယ် (မင်းသုံးပါး၊ ၃၃)၊ စစ်ချီတဲ့အခါ ဓာတ်ရိုက်ယတြာဆင်တယ် (မင်းသုံးပါး)၊ အခါကောင်းကို မရွေးဘဲ ဘာကိစ္စမှ မလုပ် (မင်းသုံးပါး၊ ၁၆၃၈၊ ၁၇၈)ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။ ဥဒိန္န (မင်းသုံးပါး၊ ၃၅၊ ၁၁၄)၊ မဟာပိန္န (မင်းသုံးပါး၊ ၃၂–၂၅၆)ကို ပူဇော်ပ,သ ရတာက လည်း လုပ်မြဲကိစ္စတစ်ခု ဖြစ်ပါတယ်။

လက်နက်ကိုင် အမှုထမ်းတွေထဲက မြင်း၊ သေနတ်၊ သွေးသောက်နဲ့ လှေသင်းတွေရဲ့အကြောင်းကို နည်းနည်းဖော်ပြနိုင်ပါသေးတယ်။ အဲဒီအဖွဲ့တွေရဲ့ အမည်စာရင်းအရ မြန်မာမင်းတွေရဲ့ စစ်အင်အားဟာ သာလွန်မင်းလက်ထက်မှာ သိသိသာသာ တိုးတက်လာတယ်လို့ ဆိုနိုင်ပါတယ်။

mgyoe.com

m.gyoe.com


မြင်းတပ်ဖွဲ့လေးဆယ်

၁ အိမ်ရှေ့မြင်း
၂ အိမ်ရှေ့တော်ပခန်းမြင်း
၃ ကျော်သင်းမြင်း
၄ ကျောက်ဆောက်မြင်း
၅ ကျွန်တော်ဟောင်းမြင်း
၆ ခက်လုံမြင်း
၇ ငရန်မြင်း
၈ စီးတော်မြင်း
၉ ခေါ်ပြွတ်အိုးမြင်း
၁၀ ဇင်းမယ်မြင်း
၁၁ ညောင်ရမ်းမြင်း
၁၂ ညောင်ရွှေမြင်း
၁၃ တပယင်းမြင်း
၁၄ တရုတ်မြို့ပါမြင်း
၁၅ တောင်ဖက်မြင်း
၁၆ ထန်းတစ်ပင်မြင်း
၁၇ ဒဝယ်မြင်း
၁၈ နောက်မြင်း
၁၉ ပုဂံမြင်း
၂၀ ပင်းယမြင်း
၂၁ ပြင်စည်မြင်း
၂၂ ဗမော်မြင်း
၂၃ မိတ္ထီလာမြင်း
၂၄ မြောက်ဖက်မြင်း
၂၅ မြန်မာမြင်း
၂၆ မြို့ပါမြင်း
၂၇ ယူတော်မူမြင်း

mgyoe.com

mgyoe.com


၂၈ ရက်ခန့်ကန်စောင့်မြင်း
၂၉ ရှေ့သာမြင်း
၃၀ လက်ယာမြင်း
၃၁ လက်ရွေးကြီးမြင်း
၃၂ လက်ရွေးငယ်မြင်း
၃၃ လက်ဝဲမြင်း
၃၄ လင်ဇင်းမြင်း
၃၅ လံဘူးမြင်း
၃၆ သင်းတောင်မြင်း
၃၇ သင်းကြီးမြင်း
၃၈ သျှမ်းမြင်း
၃၉ သျှမ်းနက်မြင်းနဲ့
၄၀ သျှမ်းသူဝယ်မြင်း
အစုစု မြင်းတပ်လေးဆယ်ရှိပါတယ်။

## သေနတ်တပ်ဖွဲ့တစ်ဆယ့်တစ်

၁ အိပ်ဖန်တော်သေနတ်
၂ အိမ်သာတော်သေနတ်
၃ ကုလားပျိုသေနတ်
၄ တံတားဦးသေနတ်
၅ နောက်တော်ပါသေနတ်
၆ ပင်းယသေနတ်
၇ ဘရင်ဂျီသေနတ်
၈ မြေနန်းတော်သေနတ်
၉ ရွှေမြို့တော်သေနတ်
၁၀ ဝန်းကျင်သေနတ်
၁၁ သူငယ်သေနတ်
အမြောက်တပ်ဖွဲ့လည်း ရှိတယ်။

mgyoe.com

mgyoe.com


## သွေးသောက်စု သုံးဆယ့်တစ်စု

၁ ကြခတ်စားသွေးသောက်
၂ ချမ်းသာရွာစားသွေးသောက်
၃ စည်သူရွာစားသွေးသောက်
၄ ဖိုက်သင်ရုံသွေးသောက်
၅ တပ်ရွာစားသွေးသောက်
၆ ထန်းတပင်ရွာစား၊ သွေးသောက်
၇ ဒန္တသီရိသွေးသောက်
၈ နန္တစည်သူသွေးသောက်
၉ ပေကျင်းစားသွေးသောက်
၁၀ ပေါက်အိုင်စားသွေးသောက်
၁၁ ပေါက်ကံစားသွေးသောက်
၁၂ ပေါက်ဘိုင်သွေးသောက်
၁၃ မထီးလိုစားသွေးသောက်
၁၄ မူးဝစားသွေးသောက်
၁၅ ရေချမ်းစားသွေးသောက်
၁၆ ရဲကမ္မသွေးသောက်
၁၇ ရဲစက္ကသွေးသောက်
၁၈ ရဲဇေယသွေးသောက်
၁၉ ရဲတေဇသွေးသောက်
၂၀ ရဲဒေဝသွေးသောက်
၂၁ ရဲဓမ္မသွေးသောက်
၂၂ ရဲသီဟသွေးသောက်
၂၃ ရဲသိဃ်သွေးသောက်
၂၄ ရဲသူရသွေးသောက်
၂၅ ရဲသင်းရုံသွေးသောက်
၂၆ ရှင်ထွေးထိုသွေးသောက်
၂၇ ရွာမစားသွေးသောက်

mgyoe.com

mgyoe.com


၂၈ ရှာမကြီးစားသွေးသောက်
၂၉ ရှာသာယာစားသွေးသောက်
၃၀ ရွက်သင်ရုံသွေးသောက်
၃၁ လင်းငယ်ကြီးစားသွေးသောက်
၃၂ ဝေသုန္ဓရသွေးသောက်
၃၃ သာလှပင်စည်စားသွေးသောက်

## လှေသင်းတစ်ဆယ့်ငါးစု

၁ အရှေ့သင်းသပြုလှော်ကား
၂ အိကင်းလှော်ကား
၃ ကောင်းမစစ်လှော်ကား
၄ ပကိုးနိုင်ငံကျော်လှော်ကား
၅ ပွဲတိုင်းကျော်လှော်ကား
၆ ပြည်လုံးအံ့လှော်ကား
၇ ပြည်လုံးကျော်လှော်ကား
၈ ဇြတရော်လှော်ကား
၉ ဘုန်းတော်နိုင်ငံလှော်ကား
၁၀ ရန်နိုင်ပြည်လုံးယူလှော်ကား
၁၁ လက်ဝဲဝင်းလှော်ကား
၁၂ လက်ယာဝင်းလှော်ကား
၁၃ သာရဏလှော်ကား
၁၄ သရဗိမာန်လှော်ကား
၁၅ သူရဲတုလွတ်လှော်ကား

## လှေပေါင်းလေးစင်း

၁ လက်ဝဲမြင်းလှေ

mgyoe.com

၂ လက်ယာမြင်းလှေ
၃ ဇာဝတီလှေ
၄ အမြောက်ကင်းရွှေလောင်းကြီး

ဖောင်တော်တစ်ဆယ့်တစ်

၁ ဇနီဖောင်
၂ ကရဝိက်ဖောင်
၃ စက္ကဝတ်ဖောင်
၄ ဇီဝစိုးဖောင်
၅ တိုးဖောင်
၆ ဒသရူပဖောင်
၇ ပဥ္စရူပဖောင်
၈ မိချောင်းဖောင်
၉ ရွှေဟင်္သာဖောင်
၁၀ သတ္တရူပဖောင်
၁၁ သိင်္ဂနိတ်ဖောင်

လှေဖောင် အစုစုသုံးဆယ်ရှိပါတယ်။

ဒီလို လက်နက်အင်အားရှိလို့ အကွဲကွဲရှိတဲ့နိုင်ငံကို စုစည်းပြီး ယိုးဒယား၊ ရခိုင်တို့က သံတမန်လွှတ်ပြီး အသာတကြည် မဟာမိတ်ဖြစ်လိုပါတယ်လို့ တောင်းခံလာကြတာဖြစ်ပါတယ်။ (မှန်၊ တတိယ၊ ၂၀၃၊ ၂၀၉၊ ၂၁၉)။

ကျွန်တွေရဲ့အကြောင်းကို နည်းနည်းပြောပြလိုပါတယ်။ ကျွန်ဟာ မိမိသခင် ထိန်းအုပ်ရတဲ့ အစုအဝန်းမှာ အမှုထမ်းနိုင်ခွင့် ရှိပါတယ်။ ကျောင်းဘုရားကျွန်က မနှစ်မြို့ဖွယ်ဖြစ်လို့ရှောင်ကြဉ်ကြတာ မဟုတ်ပါ။ အစိုးရမင်းက သာသနာကို အားပေးတာဖြစ်လို့ ကျောင်းဘုရားကျွန်နဲ့ အိမ်ထောင်မဖက်ရ။ တကယ်လို့ အိမ်ထောင်ပြုမိက အခြားလူပုဂ္ဂိုလ်ရဲ့ ကျွန်က ကျောင်းဘုရားကျွန်ဘက်ကို ပါရတဲ့အတွက် ကျောင်းဘုရားကျွန်နဲ့ အိမ်

mgyoe.com